# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၂၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ရေဦးမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့် ကိုက်ညီသော သမားတော် ဆရာဝန်၊ ဆရာဝန်၊ ဓာတ်ခွဲခန်း ပညာရှင်၊ သူနာပြုဆရာမများ ပြည့်စုံစွာ ခန့်ထားပေးရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိအခြေအနေ၌ အမျိုးသမီးဆောင်တွင် ခုတင်ခြောက်လုံး၊ အမျိုးသားဆောင်တွင် ခုတင် ၁၅ လုံးနှင့် မီးဖွားပြီးနားနေခန်းတွင် ခုတင်လေးလုံးသာထားရှိနိုင်ပြီး အမျိုးသမီးနှင့် ကလေးလူနာများ ပိုမိုတက်ရောက်ချိန်တွင် ခုတင်များမလုံလောက်၍ အမျိုးသားဆောင်တွင် ပေါင်းထားရပါသဖြင့် အမျိုးသားလူနာ၊ အမျိုးသမီးလူနာနှင့် မွေးလူနာများ စနစ်တကျ သီးခြားခွဲထားနိုင်ရန် တိုးချဲ့နှစ်ထပ်လူနာဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | ငပုတောမြို့နယ်တွင် ခုတင်( ၅၀) ပြည်သူ့ဆေးရုံမှ ဆေးရုံကြီးများသို့ ပို့ဆောင်ရန်လိုအပ်သော လူနာများအား အလွယ်တကူ ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်ရန် လူနာတင်ယာဉ် (Ambulance) တစ်စီး ထောက်ပံ့ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | သံတွဲမြို့နယ်၊ ငပလီမြို့တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြု ငပလီမြို့ဖွံ့ဖြိုးရေး သဘောထားပုံစံ (ရခိုင်ပြည်နယ်)ကို စီမံကိန်းချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |

| | | |
|---|---|---|
| ၉ | မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စု အတွင်းရှိ ရက်ချောင်း-လေးတောင်-တောင်ပေါက်-မီးကျောင်းတက် ကျေးရွာချင်းဆက်လမ်း (လေးတောင်တံတား အပါအဝင်) အား လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |
| ၁၀ | မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးအား အသုံးပြုသော ယာဉ်/စီးရေသည် တစ်နေ့ထက်တစ်နေ့ တိုးတက်များပြား လာသည့်အတွက် ယခုလက်ရှိ လေးလမ်းသွားလမ်းမကြီးမှ ခြောက်လမ်းသွား လမ်းမကြီး အဖြစ် အဆင့်မြှင့်တင်၍ တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ် စစ်တွေ-ပါဒလိတ်ဇီးကိုင်း-ရသေ့တောင် လမ်းပေါ်ရှိ မူစဲကျွန်းနှင့် ငနပြားချောင်းကို ဆက်သွယ်မည့် ငနပြားတံတားကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |
| ၁၂ | ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၂၅ |
| ၁၃ | ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသည့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှု နည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၆ |
| ၁၄ | ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၂ |
| ၁၅ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း | ၅၂ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း | ၅၄ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၂၅)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၄–၃–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **ရေဦးမြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံနှင့်ကိုက်ညီသော သမားတော်ဆရာဝန်၊ ဆရာဝန်၊ ဓာတ်ခွဲခန်း ပညာရှင်၊ သူနာပြုဆရာမများ ပြည့်စုံစွာခန့်ထားပေးရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းစန်သိန်း၊ မိုးနဲ မဲဆန္ဒနယ်၏ **မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံကို (၂၅) ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိအခြေအနေ၌ အမျိုးသမီးဆောင်တွင် ခုတင်(၆)လုံး၊ အမျိုးသားဆောင်တွင် ခုတင် (၁၅) လုံးနှင့် မီးဖွားပြီး နားနေခန်းတွင် ခုတင် (၄) လုံးသာ**

**ထားရှိနိုင်ပြီး အမျိုးသမီးနှင့် ကလေးလူနာများ ပိုမိုတက်ရောက်ချိန်တွင် ခုတင်များမလုံလောက်၍ အမျိုးသားဆောင်တွင် ပေါင်းထားရပါသဖြင့် အမျိုးသားလူနာ၊ အမျိုးသမီးလူနာနှင့် မွေးလူနာများ စနစ်တကျ သီးခြားခွဲထားနိုင်ရန် တိုးချဲ့ (၂) ထပ် လူနာဆောင် အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်တွင် ခုတင် (၅၀) ပြည့်သူ့ဆေးရုံမှ ဆေးရုံကြီးများသို့ ပို့ဆောင်ရန်လိုအပ်သော လူနာများအား အလွယ်တကူ ကုန်ကျစရိတ် သက်သာစွာ ပို့ဆောင်နိုင်ရန် လူနာတင်ယာဉ် (Ambulance) (၁) စီး ထောက်ပံ့ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **သံတွဲမြို့နယ်၊ ငပလီမြို့တွင် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြု ငပလီမြို့ ဖွံ့ဖြိုးရေး သဘောထားပုံစံ (ရခိုင်ပြည်နယ်) ကို စီမံကိန်းချမှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စု အတွင်းရှိ ရက်ချောင်း–လေးတောင်–တောင်ပေါက်–မီးကျောင်းတက် ကျေးရွာချင်းဆက်လမ်း (လေးတောင်တံတားအပါအဝင်) အား လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃) လမ်းမကြီးအား အသုံးပြုသော ယာဉ်စီးရေသည် တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာသည့်အတွက် ယခုလက်ရှိ (၄) လမ်းသွား**

**လမ်းမကြီးမှ (၆) လမ်းသွားလမ်းမကြီးအဖြစ် အဆင့် မြှင့်တင်၍ တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ် စစ်တွေ–ပါဒလိတ် ဇီးကိုင်း– ရသေ့တောင် လမ်းပေါ်ရှိ မိုးစဲကျွန်းနှင့် နေပြားချောင်းကို ဆက်သွယ်မည့် နေပြားတံတားကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်က တင်သွင်းသည့် **"လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများ နေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၊

(ခ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ဂ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဃ) ဦးထွန်းဝင်း၊ ကျွန်းလှ မဲဆန္ဒနယ်၊

(င) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၊

(စ) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၊

(ဆ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(ဇ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊

(၃) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊

(၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၅) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၆) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊

(၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၈) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၉) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၁၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၁ ရက်၊

(၁၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၁၂) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊

(၁၃) ပြည်မဲဆန္ဒနယ်မှ ဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၁၄) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊

(၁၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၆) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊

(၁၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၉) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၂၀) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊

(၂၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်နှင့်

(၂၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မှူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေဦးမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့်ကိုက်ညီသော သမားတော်ဆရာဝန်၊ ဆရာဝန်၊ ဓာတ်ခွဲခန်း ပညာရှင်၊ သူနာပြုဆရာမများ ပြည့်စုံစွာခန့်ထားပေးရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်မှာ စုစုပေါင်း

လူဦးရေ တစ်သိန်းကျော်ရှိပြီး မြို့နယ်သူမြို့နယ်သားများအားလုံးဟာ ရေဦးမြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံကို ကျန်းမာရေးအတွက် အလေးထားအားကိုးနေကြရပါတယ်။ ရေဦးမြို့နယ်အတွင်းသာမက ပတ်ဝန်းကျင်မြို့နယ်များဖြစ်သော တန့်ဆည်မြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ခင်ဦးမြို့နယ် ပြည်သူများကပါ ကျန်းမာရေးအတွက် အလေးထားအားကိုးနေရသော ဆေးရုံတစ်ရုံဖြစ်ပါတယ်။ ရေဦးဆေးရုံမှာ ကုသဆောင်ရွက်ခြင်း မပြုလုပ်နိုင်သောရောဂါများအတွက် မြို့နယ်သူမြို့နယ်သားများအားလုံးဟာ မုံရွာ၊ မန္တလေးမြို့ကြီးများကို သွားရောက်ပြီး ဆေးကုသမှုခံယူကြရပါတယ်။ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံကို ၁၉၅၄ ခုနှစ်မှာ နှစ်ထပ်လူနာဆောင်အဖြစ် ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ လူနာဆောင်သုံးဆောင်ပါဝင်သော ခုတင် ၅၀ ဆံ့ဆေးရုံကို ၁၉၉၁ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဆေးရုံတက်လူနာများပြားလာခြင်းကြောင့် ၂၀၁၃ ခုနှစ်မှာ ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ အဆင့်တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း ဝန်ထမ်းအင်အားနှင့်အခြေခံအဆောက်အဦများကတော့ လိုအပ်နေဆဲဖြစ်ပါတယ်။ မိုးရာသီမှာ ဆေးရုံတွင်းလမ်းများ မိုးရေများပြည့်လျှံနေပြီး ဝန်ထမ်းအိမ်ရာနေအိမ်များမှာလည်း ရေဝပ်နေရာများ ဖြစ်နေပါတယ်။ သက်တမ်းကြာမြင့်သောအဆောက်အဦများနှင့် အန္တရာယ်ရှိသောအဆောက်အဦများကိုဖျက်သိမ်းကာ ဆေးရုံနှစ်ထပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ဆဲဖြစ်သော်လည်း ဆေးရုံတွင်းလမ်းများ၊ ရေနုတ်မြောင်းများ၊ ဝန်ထမ်းအိမ်ရာများအတွက် ဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါတယ်။ ခုတင် ၁၀၀ ဆံ့ဆေးရုံဖြစ်လာသည်နှင့်အညီ ဆေးရုံတက်လူနာ ပိုမိုများပြားလာပြီး ဆေးရုံနှင့်ကိုက်ညီသော သမားတော်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများလည်း ခန့်ထားပေးရန် လိုအပ်နေဆဲဖြစ်ပါတယ်။ အထွေထွေရောဂါကုသမားတော်လစ်လပ်နေသည်မှာ တစ်နှစ်ကျော်ခန့်ကြာမြင့်နေသော်လည်း ယနေ့အချိန်အထိ ပြန်လည်ခန့်ထားပေးခြင်းမရှိပါ။ သူနာပြုဆရာဆရာမများလည်း ခွင့်ပြုအရေအတွက်နှင့် အနီးစပ်ဆုံး ခန့်ထားပေးရန် လိုအပ်နေဆဲဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့ ရေဦးမြို့နယ်ရဲ့ ခုတင် ၁၀၀ ဆံ့ဆေးရုံဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ အဝင်ပေါက်ဖြစ်ပါတယ်။ ဒါက မူလဆေးရုံအဆောက်အဦ ဖြစ်ပါတယ်။ ဒါကတော့ သားဖွားခန်းဖြစ်ပါတယ်။ ဒါက ခွဲစိတ်ခန်းဖြစ်ပါတယ်။ ဒါက ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ မပြီးသေးပါဘူးခင်ဗျား။ ဒါက အန္တရာယ်ရှိအဆောက်အဦကို ဖျက်သိမ်းပြီးတော့မှ အခုမှဆောက်လုပ်ဆဲ နှစ်ထပ်ဆေးရုံအသစ် ဖြစ်ပါတယ်။ မပြီးသေးပါဘူးခင်ဗျား။ ဒါက ရေဦးမြို့နယ်ဆေးရုံကို ခွင့်ပြုဝန်ထမ်းအင်အားစာရင်းဖြစ်ပါတယ်။ ဒီမှာဆိုရင် လက်ထောက်ဆရာဝန်နဲ့ အထူးကုသမားတော်ရှစ်ဦးလိုအပ်နေဆဲဖြစ်ပါတယ်။ လိုအပ်နေတဲ့အထဲမှာ

အထွေထွေရောဂါကုသမားတော် လစ်လပ်နေတာဟာ တစ်နှစ်ကျော်ခန့်ကြာမြင့်နေပြီဖြစ်ပါတယ်။ အဲဒီမှာ သူနာပြုမှာလည်း ၅၀ ဦးခန့်ထားရမယ့်နေရာမှာ ၁၃ ဦးပဲခန့်ထားနိုင်ပါတယ်။ ၃၇ ဦး လစ်လပ်နေတာဖြစ်ပါတယ်။ နောက်တစ်ခုက ဆေးဘက်ကျွမ်းကျင်မှာဆိုလို့ရှိရင် တစ်ဦးလစ်လပ်နေတယ်ဆိုသော်လည်း ဓာတ်ခွဲခန်းပညာရှင်လိုအပ်နေတာဖြစ်ပါတယ်။ အရေးကြီးတဲ့ပညာရှင်လိုအပ်နေတာဖြစ်တဲ့အတွက်ကြောင့် မြို့နယ်အတွက်လိုအပ်နေတဲ့စာရင်းဖြစ်ပါတယ်။ အဲဒီမှာ စုစုပေါင်းဆိုရင် ၂၀၁ ဦးခန့်အပ်ရမယ့်နေရာမှာ ၁၁၆ ဦးပဲ ခန့်ထားပြီးတော့ ၈၅ ဦးလစ်လပ်နေတာဖြစ်ပါတယ်ခင်ဗျ။ ဒါက ၂၀၁၈ ခုနှစ်မှာ အတွင်းလူနာနဲ့အပြင်လူနာဆိုပြီး တက်ရောက်တဲ့လူနာစာရင်းဖြစ်ပါတယ်။ အဲဒီမှာဆိုရင် တစ်ရက်ကိုလူနာ ၁၀၀ ဝန်းကျင်ခန့်ရှိနေတာဖြစ်ပါတယ်ခင်ဗျ။ ၁၀၀ ဝန်းကျင်ကို သူနာပြုဆရာမ ၁၃ ဦးနဲ့လည်ပတ်နေရဲ့သဘော ဖြစ်ပါတယ်။ ဒါကတော့ အလုပ်သမားဝန်ထမ်းအင်အားဖြစ်ပါတယ်။ မိုးရာသီနောက်ပိုင်းလေးမှာ သွားကြည့်တဲ့အခါမှာ အခြေအနေတော်တော်ဆိုးဆိုးဝါးဝါးနေရတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဒါက ဆေးရုံရဲ့အနောက်ဘက်အဝင်လမ်းမကြီး ဖြစ်ပါတယ်။ မိုးရာသီမှာ မိုးရေတွေပြည့်လျှံပြီးတော့ တော်တော်နဲ့အထွက်တဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ ရေနုတ်မြောင်းများလည်း လိုအပ်နေဆဲဖြစ်ပါတယ်။ ဒါက ဆေးရုံအတွင်းမှာ ရေဝပ်နေသောနေရာများဖြစ်ပါတယ်။ ဒါက ပစ္စည်းအဟောင်းများဖြင့်ဆောက်လုပ်ထားသော ဝန်ထမ်းအိမ်ရာလေး ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ခုတင် ၁၀၀ ဆံ့ဆေးရုံနဲ့ ကိုက်ညီသော သမားတော်၊ ဆရာဝန်၊ ဓာတ်ခွဲခန်းပညာရှင်၊ သူနာပြုဆရာဆရာမများ ပြည့်စုံစွာ ခန့်ထားပေးရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ကို ဖြည့်ဆည်းပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ခုတင် ၁၀၀ ဆံ့ဆေးရုံနှင့်ကိုက်ညီသော သမားတော်၊ ဆရာဝန်၊ ဓာတ်ခွဲခန်းပညာရှင်၊ သူနာပြုဆရာမများ ပြည့်စုံစွာ

ခန့်ထားပေးနိုင်ရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ ဖြည့်စွက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဥ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် ရေဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်၊ ခွဲစိပ်၊ သားဖွား/မီးယပ်၊ ကလေး၊ မေ့ဆေးနှင့် လက်ထောက်ဆရာဝန်၊ အရိုးခတ်မှန်တို့အား ခန့်အပ်ထားပြီး လက်ထောက်ဆရာဝန် ၁၀ ဦးဖြင့် ဆေးရုံလုပ်ငန်းများလည်ပတ်စွာဆောင်ရွက်လျက်ရှိရာ ရေဦးပြည်သူ့ဆေးရုံ၏ ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၁၀၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ဘွဲ့လွန်အောင်မြင်ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၌ သတ်မှတ်ထားသည့် လေ့ကျင့်သင်ကြားချိန်ပြီးမြောက်သော လုပ်သက်ရလက်ထောက်ဆရာဝန် ဆေးပညာများပြောင်းရွှေ့ခန့်ထားချိန်၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် လက်ထောက်ဆရာဝန် ဆေးပညာတစ်ဦးအား ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ခန့်ထားပေးသွားမှာဖြစ်ပါတယ်ရှင်။ လက်ထောက်ဆရာဝန် ၁၀ ဦးကလည်း လုပ်ငန်းများအဆင်ပြေစွာ ထမ်းဆောင်လျက်ရှိကြောင်းသိရှိရပါတယ်။ ရေဦးမြို့ခုတင် ၁၀၀ ဆေးရုံ၏ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ လက်ရှိဖွဲ့စည်းပုံအင်အားမှာ ဓာတ်ခွဲကျွမ်းကျင်နှစ်ဦး ခွင့်ပြုတစ်ဦး၊ လစ်လပ်တစ်ဦးဖြစ်ပါတယ်။ ဓာတ်ခွဲကျွမ်းကျင်သုံးဦး၊ ခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦးဖြစ်ပါတယ်။ ဓာတ်ခွဲကျွမ်းကျင်လေးဦး ခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦးဖြစ်ပါတယ်။ ရေဦးမြို့ခုတင် ၁၀၀ ဆေးရုံတွင် ဓာတ်ခွဲခန်းဝန်ထမ်းလေးဦးအား ဓာတ်ခွဲခန်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လစ်လပ်သောဓာတ်ခွဲခန်း(၂)တစ်ဦးခန့်ထားပေးရန်အတွက် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံ၏ လက်ရှိသူနာပြု အင်အားစာရင်းမှာ သူနာပြုကြီးခွင့်ပြုငါးဦး ခန့်ထားလေးဦး၊ လစ်လပ်တစ်ဦး၊ အထက်တန်းသူနာပြု ခွင့်ပြု ၂၆ ဦး ခန့်ထား ၂၂ ဦး၊ လစ်လပ်လေးဦး၊ သူနာပြုခွင့်ပြု ၅၀ ဦး ခန့်ထား ၁၃ ဦး၊ လစ်လပ် ၃၇ ဦးရှိပါတယ်။ သူနာပြုကြီးရာထူးတိုးစာမေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ပြီး သူနာပြုကြီးများရာထူးတိုးခန့်ထားချိန် ၂၀၁၉ ခုနှစ် ဧပြီလတွင် သူနာပြုကြီးတစ်ဦးခန့်ထားပေးမှာ ဖြစ်ပါတယ်။ လစ်လပ်လျက်ရှိသော အထက်တန်းသူနာပြုနေရာများ ခန့်ထားနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှ အထက်တန်းသူနာပြုရာထူးတိုးခေါ်ယူရန် ဆောင်ရွက်လျက်ရှိပြီး ရာထူးတိုးခန့်ထားချိန်၌ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ခန့်ထားပေးသွားမှာဖြစ်ပါတယ်ရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနသို့ ကုသရေးဦးစီးဌာနရုံးချုပ်၏ ၃-၁၁-၂၀၁၉

ရက်စွဲနှင့် ၁၀-၁-၂၀၁၉ ရက်စွဲအရ သူနာပြုစုစုပေါင်းသစ်လွင် ၂၇၁ ဦးကိုခွဲဝေခန့်ထားပေးပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လစ်လပ်လျက်ရှိသော သူနာပြုများနေရာတွင် လုပ်ငန်းလိုအပ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ခွဲဝေတာဝန်ချထားပေး နိုင်ရေးဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်ရှင်။ ၁၃-၃-၂၀၁၉ ရက်နေ့ တွင် ဆက်သွယ်မေးမြန်းမှုအရ သူနာပြု ၁၁ ဦးအား ရေဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် ခန့်ထားနိုင်ရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားရှိပါကြောင်း သိရှိရပါတယ်။ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေတွင် ရှစ်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာအဆောက်အဦအတွက် ၇၈၇.၈၀၇ သန်း၊ တိုးချဲ့နှစ်ထပ်လူနာခုတင် အတွက် ၆၀၄.၅ သန်းခွင့်ပြုခဲ့ရာ ဆောက်လုပ်ဆဲဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာအဆောက်အဦ ထပ်မံတည် ဆောက်ရန်အတွက် ရန်ပုံငွေကျပ်သန်း ၂၀၀ ခွင့်ပြုထားပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီး ဌာနမှ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရုံးတွင်းလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျပ် ၈.၃၅ သန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ၂၈-၂-၂၀၁၉ ရက်စွဲပါ စာအမှတ် ၂၀၈/ဘင(၆)ရန်ပုံငွေ ၂၀၁၉ ဖြင့် ခွဲဝေချထားပေးပြီးဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေ စိစစ်မှုအရ ဝန်ထမ်းအိမ်ရာများမှာ နှစ်စဉ်ဆောင်ရွက်လျက်ရှိနေပါသဖြင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်မှုမရှိသေးပါကြောင်းနှင့် အစည်းအဝေးခန်းမပါဝင်သော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူးရုံးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကာလတွင် စီမံကိန်းလျာထားဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ အထွေထွေရောဂါကုသမားတော်လစ်လပ် နေတာ တစ်နှစ်ကျော်ပြီဖြစ်ပါတယ်။ မြို့လူထုကလည်း တအားကိုတင်ပြနေတဲ့အတွက်ကြောင့်မို့လို့ သမားတော်လစ်လပ်နေတဲ့တစ်နေရာလေးကို ဦးစားပေးပြီးတော့ ခန့်ထားပေးနိုင်မယ့်အချိန်လေးကို သိပါရစေခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ဘွဲ့လွန်အောင်မြင်ပြီး ဗဟိုအဆင့်ဆေးရုံကြီးများမှာ သတ်မှတ်ထားတဲ့ လေ့ကျင့်သင်ကြားချိန်ပြုလုပ်နေပါတယ်။ လေ့ကျင့်သင်ကြားချိန်ပြီးမြောက်ပြီး လုပ်သက်ရလက်ထောက်ဆရာဝန်အား ၂၀၁၉ ခုနှစ်လာမယ့်ဧပြီလမှာ တစ်ဦးကို ရေဦးမြို့ပြည်သူ့ဆေးရုံကို ခန့်ထားပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

**မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိအခြေအနေ၌ အမျိုးသမီးဆောင်တွင် ခုတင်ခြောက်လုံး၊ အမျိုးသားဆောင်တွင် ခုတင် ၁၅ လုံးနှင့် မီးဖွားပြီးနားနေခန်းတွင် ခုတင်လေးလုံးသာထားရှိနိုင်ပြီး အမျိုးသမီးနှင့် ကလေးလူနာများ ပိုမိုတက်ရောက်ချိန်တွင် ခုတင်များမလုံလောက်၍ အမျိုးသားဆောင်တွင် ပေါင်းထားရပါသဖြင့် အမျိုးသားလူနာ၊ အမျိုးသမီးလူနာနှင့် မွေးလူနာများ စနစ်တကျသီးခြားခွဲထားနိုင်ရန် တိုးချဲ့နှစ်ထပ်လူနာဆောင်အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစန်သိန်း(မိုးနဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လင်းခေးခရိုင် မိုးနဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မိုးနဲမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံမှာ လိုအပ်လျက်ရှိတဲ့ တိုးချဲ့နှစ်ထပ်လူနာဆောင်အသစ် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင် မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံကို မြေ ၅.၃၆၉ ဧကပေါ်မှာ တည်ဆောက်ထားပြီးတော့ ၁၆ ခုတင်ဆံ့ဆေးရုံဖြစ်ပါတယ်။ ၁၆ ခုတင်ဆံ့ဆေးရုံကို ၁၉၇၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာ တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ယခုလက်ရှိဆေးရုံမှာ ၂၅ ခုတင်ဆံ့ စံကိုက်အဆောက်အဦမရရှိသေးပါ။ ဒီမှဆေးရုံအဆောက်အဦမှာပဲ အမျိုးသားလူနာဆောင်နှင့်

အမျိုးသမီးလူနာဆောင်၊ သွားပြင်ပလူနာဌာန၊ ရုံးခန်း၊ ဆေးသိုလှောင်ခန်းများ ထားရှိပါတယ်။ အရေးပေါ်လူနာခန်း၊ ပြင်ပလူနာသီးသန့်ခန်းမရှိတဲ့အတွက် အခက်အခဲများစွာကြုံတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသမီးနှင့် ကလေးများ ဆေးရုံတက်လူနာများပြားလာတဲ့အချိန်မှာ နေရာလုံလောက်မှုမရှိတဲ့အတွက် အမျိုးသားဆောင်မှာ ရောနှောပြီးတော့မှ ထားရှိရပါတယ်။ သို့ဖြစ်ပါ၍ ဆေးရုံတက်ရောက်တဲ့ အမျိုးသားလူနာများ၊ အမျိုးသမီးလူနာများနှင့် မွေးလူနာများ စနစ်တကျထားရှိနိုင်ရန်အတွက် နှစ်ထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်၊ မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ် လျာထားဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ် ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံတွင် လူနာခုတင် မူလ ၂၅ ခုတင်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ၁၅ ခုတင် ထပ်မံခွဲဝေချထားပေးခဲ့သဖြင့် စုစုပေါင်း လူနာခုတင် ၄၀ ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဆေးရုံလူနာစာရင်းအရ တစ်နေ့ပျမ်းမျှဆေးရုံအတွင်းလူနာ ၁၆ ဦး၊ တစ်နေ့ပျမ်းမျှပြင်ပလူနာ ၄၁ ဦးတို့အား ကုသပေးခဲ့ကြောင်းတွေ့ရှိရပါတယ်။

လူနာခုတင်လုံလောက်မှုအခြေအနေအား မြို့နယ်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းချက်အရ လူနာခုတင်မှာ လုံလောက်မှုရှိပြီး လူနာထားရှိကုသမှု ပိုမိုအဆင်ပြေရေးအတွက် နေရာလိုအပ်ပါကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုးနဲမြို့နယ် ၂၅ ခုတင်ပြည်သူ့ဆေးရုံတွင် လူနာထားရှိကုသမှုပိုမိုအဆင်ပြေစေရေးအတွက် လိုအပ်လျက်ရှိသော တိုးချဲ့နှစ်ထပ်လူနာဆောင်အား ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြထားပေးပြီးဖြစ်ပါ၍ ရန်ပုံငွေခွင့်ပြုချက်

ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်။

**ငပုတောမြို့နယ်တွင် ခုတင်( ၅၀) ပြည်သူ့ဆေးရုံမှ ဆေးရုံကြီးများသို့ ပို့ဆောင်ရန်လိုအပ်သော လူနာများအား အလွယ်တကူကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်ရန် လူနာတင်ယာဉ် (Ambulance) တစ်စီး ထောက်ပံ့ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းလေး ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံမှာ ဆေးရုံကြီးများ သို့ ပို့ဆောင်ရန်လိုအပ်နေသော လူနာများအား အလွယ်တကူကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင် ရန်အတွက် လူနာတင်ယာဉ်တစ်စီး ထောက်ပံ့ပေးနိုင်ပါရန် မေးမြန်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငပုတောမြို့နယ်မှာ လစဉ်ပုံမှန် ဌာနဆိုင်ရာအကြီးအကဲများနှင့် လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးမှာ အခုလို မြို့နယ် ဆရာဝန်ကြီးက တင်ပြတောင်းခံလာတဲ့အတွက် ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ငပုတောမြို့နယ်ဟာ ဧရာဝတီ တိုင်းဒေသကြီးရဲ့ အနောက်တောင်ဘက်စွန်းမှာ တည်ရှိပြီးတော့ စတုရန်းမိုင် ၁၄၀၄.၁၈ ကျယ်ဝန်း သဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ ဧရိယာအကျယ်ဆုံးမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ကျေးရွာအုပ်စု ပေါင်း ၈၃ စုနှင့် ရပ်ကွက်ကိုးခုရှိပြီး ကျေးရွာစုစုပေါင်း ၄၁၁ ရွာရှိပါတယ်။ ပြည်ထဲရေးအမည် မပေါက်တဲ့ ကျေးရွာအများအပြားလည်း ကျန်ရှိနေပါသေးတယ်။ မြို့နယ်ရဲ့အနောက်ဘက်နှင့် တောင်ဘက်ခြမ်းဟာ ဘင်္ဂလားပင်လယ်၊ ကပ္ပလီပင်လယ်ပြင်တို့နှင့်ထိစပ်နေပြီး ရှည်လျားကျဉ်းမြောင်း တဲ့ ကမ်းရိုးတန်းအဖြစ် တည်ရှိနေပါတယ်။

မြင့်မားမတ်စောက်တဲ့ အနောက်ရိုးမရဲ့ တောင်ဘက်အစွန်းပိုင်းဟာလည်း မြတ်မော်တင် စေတီတော်အထိ ရောက်ရှိအဆုံးသတ်ထားပါတယ်။ ငပုတောမြို့နယ်ဟာ ကျယ်ဝန်းနက်ရှိုင်းပြီးတော့

လှိုင်းလှေပြင်းထန်တဲ့ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်တွေ၊ တောင်တန်းတွေ၊ လွင်ပြင်တွေနဲ့ တည်ဆောက်ထားတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတွေမှာ စိန်ခေါ်မှုနှင့် အမြဲတမ်းရင်ဆိုင်နေရပါတယ်။ ထိုသို့သော အရပ်ရပ်မှပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဌာနအဖြစ် ခုတင် ၅၀ ဆံ့မြို့နယ်ဆေးရုံသာလျှင် အဓိက အားထားစရာဖြစ်ပါတယ်။ မြို့နယ်ဆေးရုံ အနေဖြင့် ကုသရေးအတွက် အကန့်အသတ်ရှိပါတယ်။ အရေးပေါ်နှင့် ရောဂါကြီးသူများ၊ ရောဂါသေးသူလူနာများကို အချိန်နှင့်တစ်ပြေးညီ ပုသိမ်-ရန်ကုန်ဆေးရုံကြီးကို ပို့ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာလည်း ပရဟိတလူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီနေတဲ့အတွက် အဆင်ပြေသင့်သလောက်ပဲ ပြေနိုင်ပါတယ်။ လူနာအများစုကတော့ ကျေးလက်နေပြည်သူများဖြစ်တဲ့အတွက် ဆင်းရဲချို့တဲ့ကြပါတယ်။ ထိုသို့ ဆင်းရဲချို့တဲ့အတွက် ရောဂါပြင်းထန်သူတို့ကို စရိတ်စကကုန်ကျမှုသက်သာစွာနှင့် ပုသိမ်-ရန်ကုန်စတဲ့ ဆေးရုံကြီးတွေကို အချိန်မီ ပို့ဆောင်လွှဲပြောင်းပေးနိုင်ရန်အတွက် လူနာယာဉ်တစ်စီး အမြန်ဆုံးကူညီပံ့ပိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးကမှ တစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် လူနာတင်ယာဉ်များကို ဖြန့်ဝေရာတွင် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်၊ ဒေသအလိုက် လိုအပ်ချက်၊ မြေပြင်အနေအထား၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများ၏ စိစစ်သုံးသပ်တင်ပြချက်များအပေါ်မူတည်၍ စိစစ်ခွဲဝေချထားပေးပါတယ်။ ၂၀၁၈ ခုနှစ် ငပုတောမြို့နယ်ဆေးရုံမှ အထက်အဆင့်ဆေးရုံများသို့ လူနာ ၁၂၈ ဦးလွှဲပြောင်းကုသမှုခံယူစေခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှဲပြောင်းလူနာများအား အထက်အဆင့်ဆေးရုံကြီးများသို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက် လူနာတင်ယာဉ်၊ 9P/3898 TOYOTA HI ACE တစ်စီးအား ခွဲဝေချထားပေးခဲ့ရာ ၂၁-၂-၂၀၁၉ ရက်နေ့တွင် သက်ဆိုင်ရာဆေးရုံမှ လာရောက်ထုတ်ယူသွားပြီး လက်ရှိအသုံးပြုနေပြီဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**သံတွဲမြို့နယ်၊ ငပလီမြို့တွင်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြုငပလီမြို့ဖွံ့ဖြိုးရေးသဘောထားပုံစံ (ရခိုင်ပြည်နယ်)ကို စီမံကိန်းချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသောဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့တွင် မြို့ပြဖွံ့ဖြိုးရေးအတွက် အဆိုပြုငပလီမြို့ပြဖွံ့ဖြိုးရေးသဘောထားပုံစံ(ရခိုင်ပြည်နယ်)ကို စီမံကိန်းချဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ကျွန်တော်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းရတဲ့ကြောင်းကျိုးဖော်ပြချက်ကို တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့ဟာ နာမည်ကျော်သာယာလှပတဲ့ကမ်းခြေမြို့တစ်မြို့ဖြစ်ပြီး နှစ်စဉ်ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်တဲ့ကမ်းခြေ ဖြစ်ပါတယ်။ ဒီလိုအခြေအနေကို ၂၂-၂-၂၀၁၉ ရက်နေ့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ ရခိုင်ပြည်နယ်ရဲ့သဘာဝအလှတရားကို အခြေပြုပြီး ရခိုင်ပြည်နယ်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပေးမယ့်အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များ အတူတကွဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အခွင့်အလမ်းများကို ယနေ့အခမ်းအနားမှ ဖော်ထုတ်ပေးနိုင်မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငပလီမြို့၊ အဆိုပြုမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၆ ခုနှစ် မတ်လက စီစဉ်ဆောင်ရွက်ခဲ့ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နောက်ကျနေတာကို ယနေ့တိုင် တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ငပလီကမ်းခြေဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များ နှောင့်နှေးနေရခြင်း၊ နွေရာသီတွင် ခရီးသွားများ တည်းခိုရန် တည်းခိုခန်းလုံလောက်မှုမရှိခြင်း၊ အဆိုပြုစီမံကိန်းအတွင်း ကျရောက်နေသည့် လယ်ယာမြေများကို လယ်ပိုင်ရှင်တွေက မြေကွက်ဖို့ အကွက်ချပြီးတော့ ရောင်းစား

နေခြင်းတို့ကြောင့် မလိုလားအပ်တဲ့ပြဿနာများကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာမှာ မလွဲမသွေကြုံတွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ Google က ရိုက်ထားတဲ့ စီမံကိန်းဖော်ဆောင်မယ့်မြေဧရိယာ ဖြစ်ပါတယ်။ ဒါကလည်း ဝန်ကြီးဌာနက ထုတ်ပေးထားတဲ့ ရခိုင်ပြည်နယ်အဆိုပြု ငပလီမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံဖြစ်ပါတယ်။ ဒါကလည်း ဝန်ကြီးဌာနက ထုတ်ပေးထားတဲ့ သဘောထားအဆိုပြုပုံစံ ဖြစ်ပါတယ်။ ဒါကတော့ စီမံကိန်း ဆောင်ရွက်မယ့်ဧရိယာအတွင်းမှာ လယ်သမားတွေက လယ်ယာမြေတွေကို မြေကွက်မြေဖို့ပြီးတော့ အကွက်ချရောင်းစားနေတဲ့ပုံစံတွေ ဖြစ်ပါတယ်။ ဒါတွေဟာလည်း အတူတူပါပဲ။ မြေကွက်တွေကို မြေဖို့ပြီးတော့ တောင်သူလယ်သမားတွေက ရောင်းစားနေတာပါ။ ဒီဟာတွေလည်း စီမံကိန်းဧရိယာအတွင်းမှာ လယ်ယာမြေတွေကို မြေဖို့ပြီးတော့ အိမ်ရာကွက်ဖော်ဆောင်ထားတဲ့ပုံတွေပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်ချက်အရ စီမံကိန်းလျာထားချက်ရှိပြီးသားဖြစ်ခြင်းကြောင့် ငပလီမြို့မြို့ပြဖွံ့ဖြိုးရေးသဘောထားအဆိုပြုပုံစံအား ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြု ငပလီမြို့ပြဖွံ့ဖြိုးရေးသဘောထားပုံစံ(ရခိုင်ပြည်နယ်)ကို စီမံကိန်းချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဒေသလိုအပ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမည်ဟူသော စပ်လျဉ်းတဲ့မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အစိုးရ၏ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များတွင် ရခိုင်ပြည်နယ်အတွင်း ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ဟူ၍ ဖော်ပြ

ပါရှိသည်နှင့်အညီ ရခိုင်ပြည်နယ်၏အလွန်လှပသည့် ငပလီကမ်းခြေဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ငပလီကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီမြို့ကို မြို့ပြဖွံ့ဖြိုးရေး (Town Plan)ရေးဆွဲထားပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် Local Development Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ငပလီကမ်းခြေဒေသတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ စနစ်တကျနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီးတော့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်လည်း ငပလီကမ်းခြေဇရိယာအတွက် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) တစ်ခုကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သံတွဲမြို့နယ်၊ ငပလီမြို့သည် နာမည်ကျော်သာယာလှပတဲ့ ကမ်းခြေမြို့ တစ်မြို့ဖြစ်ပြီးတော့ နှစ်စဉ်ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်လျက်ရှိသော ကမ်းခြေ တစ်ခုဖြစ်တဲ့အတွက် ငပလီကမ်းခြေဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်လမ်း၊ တံတား၊ လျှပ်စစ်နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းစီမံကိန်းများကို ရခိုင်ပြည်နယ်ရဲ့ဒေသန္တရစီမံကိန်းတွင် နှစ်အလိုက် ထည့်သွင်းလျာထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ငပလီကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရေးအတွက် အကြိုကွင်းဆင်း လေ့လာခြင်းများပြုလုပ်ခဲ့ပြီးတော့ အဆိုပြုဖွံ့ဖြိုးမှုဇုန်ပုံစံတွေကို ရေးဆွဲတင်ပြခဲ့ပါတယ်။ ၎င်းနောက် ၂၀၁၅ ခုနှစ် မတ်လက အဆိုပြုငပလီမြို့ရဲ့မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုး ရေးအတွက် စနစ်တကျကြိုတင်စီမံလျာထားနိုင်ရန်နှင့် ဒေသတွင်းစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းစွာအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီးတော့ရေးဆွဲခဲ့ပါတယ်။ ငပလီကမ်းခြေဖွံ့ဖြိုးမှုနှင့် အတူ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးလာစေရေး၊ လူနေမှုအဆင့် အတန်းမြင့်မားလာစေရေးနှင့် သဘာဝပတ်ဝန်းကျင်မပျက်စီး၊ မယိုယွင်းစေရေးတို့ကိုပါ ထည့်သွင်း အလေးထားဆောင်ရွက်ရန် အဆိုပြုချက်များ ပါဝင်ခဲ့ပါတယ်။ ယခုအစိုးရသစ်လက်ထက် ၂၀၁၇ ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ညှိနှိုင်းအဆိုပြုချက်အရ ငပလီမြို့နှင့်ချိတ်ဆက်ပြီးတော့ ပတ်ဝန်းကျင်ဒေသအနာဂတ်ဟိုတယ်ဇုန်နှင့် ခရီးသွားလာရေးဖွံ့ဖြိုးမှုစီမံကိန်းအဆိုပြုပုံစံကို မြေပြင် ကွင်းဆင်းလေ့လာရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးတော့ ငပလီဒေသဖွံ့ဖြိုးမှုအဆိုပြုပုံစံ(မူကြမ်း)ကို ရေးဆွဲတင်ပြခဲ့ပါတယ်။ ၎င်းစီမံကိန်းမှာ ငပလီမြို့နှင့်ဆက်စပ်ပြီးတော့ မောင်ရွှေလေးချိုင်ပတ်ဝန်းကျင်

ဧရိယာ၊ မော်ရုံဝန်းကျင်ဧရိယာနှင့် ကျိုးကန်းရဲကျေးရွာဝန်းကျင်ဧရိယာတို့မှာ ဟိုတယ်ဇုန်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ ဒေသစီးပွားဖွံ့ဖြိုးရေးအစီအစဉ်များကိုပါ အဆိုပြုရေးဆွဲ တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာကျော်နပိုလီကမ်းခြေ၊ မီယာမီကမ်းခြေ၊ ဘာလီကမ်းခြေ၊ ဟာဝိုင်ရီကမ်းခြေအစရှိတဲ့ ပင်လယ်ကမ်းခြေမြို့များမှာ အပန်းဖြေမှုအပြင် အထက်ဖော်ပြပါ Eco Tourism၊ Nature-Based Tourism၊ Cultural Tourism သာမက Creative Tourism လုပ်ငန်းများလည်း ပါဝင်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ကမ်းခြေသွားတယ်ဆိုလို့ရှိရင် ကမ်းခြေမှာ ပင်လယ်ထဲဆင်းရေကူးမယ်။ ပြီးရင် ပင်လယ်စာအစားအစာစားမယ်။ ပြီးရင် ညအိပ်ပြီးတော့ ပြန်လာတဲ့အလေ့အထလောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ငပလီမြို့နှင့်ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပုံစံတွေကိုရေးဆွဲတဲ့နေရာမှာ Tourism Promotion အတွက် ဟိုတယ်ဇုန်ဖွံ့ဖြိုးရေးသာမကဘဲနဲ့ MIEC Functions များပါဝင်တဲ့ နိုင်ငံတကာအစည်းအဝေးပွဲကြီးတွေ ကျင်းပပေးနိုင်တဲ့ Meeting Room ကြီးတွေ၊ အထူးဆွဲဆောင်မှုပေးနိုင်တဲ့ ဝန်ဆောင်မှု Incentive တွေ၊ ညီလာခံတွေ၊ ဖိုရမ်တွေ၊ Convention တွေ ပြုလုပ်နိုင်တဲ့ခန်းမကြီးတွေ၊ နောက် ပြပွဲကြီးတွေပြုလုပ်နိုင်တဲ့ Exhibition ပြုလုပ်နိုင်တဲ့ Space တွေ စသည်ဖြင့် အားလုံးပါဝင်တဲ့၊ အားလုံးစုံလင်တဲ့ အထူးဇုန်ကြီးအဖြစ် မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ပြီးတော့ လိုအပ်တဲ့မြေအသုံးချမှုပုံစံကို အဆိုပြုထားပါတယ်။ မြေအသုံးချမှုပုံစံဆိုတာ လက်ရှိမြေတွေမှာ ကိုယ်လုပ်ချင်သလို လုပ်လို့မရဘဲနဲ့ Master Plan အတိုင်း သွားဖို့အတွက်ကို ဒီဇုန်ကို ရေးဆွဲပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ကျွန်တော်ပေးပို့ထားပြီးဖြစ်ပါတယ်။ ဒီ Plan အတိုင်းဆောင်ရွက်သွားဖို့ အတွက် ဖြစ်ပါတယ်။ အဲဒီနေရာမှာ လင်းသာတောင်တန်းတစ်လျှောက်၊ သူ့မှာအင်မတန်လှပတဲ့ လင်းသာတောင်တန်းကြီးရှိပါတယ်။ လင်းသာတောင်တန်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ဒေသမှာ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်လေ့လာရေး(Adventure Tour)အစီအစဉ်တွေ၊ ခြေလျင်တောင်တက်(Hiking)အစီအစဉ်တွေ၊ အပန်းဖြေနားနေမယ့် Resort အစီအစဉ်တွေကို Eco Tourism အဖြစ်နဲ့ ထည့်သွင်းပြီးတော့ ခရီးသွားလာရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းများ ပါဝင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအပြင် ဒေသထွက်ကုန်တွေ၊ ဒေသထွက်အစားအစာတွေ၊ ရိုးရာအဝတ်အထည်တွေ။ အဲဒီဟာတွေကလည်းပဲ ဆွဲဆောင်မှုရှိတဲ့လုပ်ငန်းစဉ်များ

ဖြစ်တဲ့အတွက် အဆိုပါဒေသထွက်ကုန်အစားအစာ၊ ရိုးရာအဝတ်တွေ ခင်းကျင်းရောင်းချနိုင်မယ့် Souvenir Market တွေနဲ့ ရိုးရာပွဲတော်တွေ အဲဒါတွေကို ကျင်းပနိုင်မယ့် Plaza ကြီးတွေ ဒါတွေကိုလည်းပဲ Master Plan မှာ ထည့်သွင်းထားပြီးတော့ Cultural Tour အစီအစဉ်တွေကို ထည့်သွင်းထားဖို့ ရေးဆွဲတင်ပြထားပြီး ဖြစ်ပါတယ်။ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်စေဖို့အတွက်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ငပလီမြို့ပတ်လမ်းကို အရှည် ၅ မိုင် ၇ ဖာလုံရှိ မြို့ပတ်လမ်းကို အခုအခါ ကွန်ကရစ်လမ်းအဖြစ်နဲ့ စတင်ပြီးဖောက်လုပ်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ဂုဏ်ကျက်သရေဆောင် သာယာလှပတဲ့ ငပလီကမ်းခြေဒေသမှာ Sustainable Tourism Development ရရှိစေပြီးတော့ ရခိုင်ပြည်နယ်ရဲ့လူမှုစီးပွားအခြေအနေကို မြှင့်တင်ပေးနိုင်ရန်၊ ဘဏ္ဍာအခွန်တွေ တိုးတက်ရရှိစေရန်အတွက် ကဏ္ဍစုံမှာ ပြည်တွင်းပြည်ပမှ ဘက်စုံရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အနေနဲ့ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငပလီမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ စနစ်တကျညှိနှိုင်းရေးဆွဲပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှာ နှစ်စဉ် ကဏ္ဍအလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငပလီမြို့ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်မည့်အခြေအနေများကို သိရှိနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ညှိနှိုင်းပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေသွားတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်း ကျွန်တော့်ကို မေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေသွားတာမှာ ကျွန်တော်မေးတုန်းက ဘယ်ခုနှစ်မှာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မလဲဆိုတာကို ထည့်ပြီးတော့ ဖြေမသွားပါဘူး။ ထို့အပြင် နောက်တစ်ခါ ဝန်ကြီးက Plan တွေကို ချပြသွားတာကို တွေ့တယ်။ ငပလီမြို့ပြစီမံကိန်း(Plan) တွေ ချပြပါတယ်။ ဒါပေမဲ့ အဲဒီစီမံကိန်းလုပ်မယ့် Plan နေရာတွေမှာ အခုလယ်သမားတွေ၊ လယ်ပိုင်ရှင်တွေက မြေကွက်တွေ ဈေးကောင်းပြီးတော့တောင် မြေတွေကို လယ်ယာမြေတွေမှာဖို့ပြီးတော့ အခြားနည်းသုံးစွဲခွင့်မပြုဘဲနဲ့ အဲဒါတွေကိုရောင်းစားနေတာကို တွေ့တယ်။ အဲဒါတွေကို အခုအချိန်အထိလည်း သက်ဆိုင်ရာဌာနတွေက တာဝန်

ယူဆောင်ရွက်မှု၊ ဖြေရှင်းမှုလည်း မရှိပါဘူး။ တစ်ချိန်မှာ စီမံကိန်းအကောင်အထည်ဖော်လောက်တယ် ဆိုလို့ရှိရင် အဲဒီလယ်သမားတွေ ရောင်းထားတဲ့မြေကွက်တွေနဲ့ ဌာနဆိုင်ရာတွေနဲ့ တော်တော့်ကို အခြေအတင်စကားပြောရမယ့် အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းကို ဘယ်အချိန်မှာ ဆက်လက်အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ဆိုတာလေးကိုလည်း ကျွန်တော်ဆက်လက်ပြီးတော့ သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုဆက်စပ်မေးခွန်းဟာ ဟုမ္မလင်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် မေးခဲ့ဖူးပါတယ်။ အဲဒီမေးခွန်းကို ဖြေကြားတဲ့အတိုင်း ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ Master Plan တွေ ရေးဆွဲပြီးသွား ပြီဆိုလို့ရှိရင်တော့ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရများက အဲဒီတိုင်းဒေသကြီး နှင့် ပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ချပြရပါမယ်။ ပြီးတော့မှ ဒေသခံပြည်သူလူထု ကို ချပြပြီးလို့ရှိရင် Cabinet က အတည်ပြုရပါမယ်။ ပြီးလို့ရှိရင် အဲဒီ Master Plan ကြီးကို ကျွန်တော်တို့က ပြည်သူတွေအားလုံးသိအောင်လို့ ဆိုင်းဘုတ်ထောင်ပြီး ကြေညာထားရပါမယ်။ အဲဒီ တော့ကျမှ မသိနားမလည်တဲ့သူတွေက လယ်ယာမြေတွေကို သွားဝယ်မိရင် ဆုံးရှုံးမယ်ဆိုတာကို။ ဒီနေရာသည် ဟိုတယ်ဆောက်လုပ်မယ့်နေရာ။ ဒီနေရာသည် အခုနကလို Convention Center ကြီး ဆောက်မယ့်နေရာ။ ဒါမှမဟုတ် ဒီနေရာကြီးသည် အားကစားကွင်းဆောက်မယ့်နေရာ စသည်ဖြင့် ဒီလို မျိုးတွေ သိတော့မှ ဒါတွေဟာ ဝယ်လို့မရဘူး။ တကယ်လို့ ဒါလုပ်မယ်ဆိုလို့ရှိရင် စနစ်တကျသူသည် တင်ဒါလုပ်ငန်းစဉ်နှင့် ဆောင်ရွက်သွားရမယ်။ လျော်ကြေးကိုလည်း စနစ်တကျသတ်မှတ်ထားတဲ့ လျော်ကြေး၊ လယ်ယာမြေလျော်ကြေးတွေပေးရမယ်ဆိုတာက ထုတ်ပြန်ကြေညာထားရမှာ ဖြစ်ပါတယ် ခင်ဗျား။ ဒါကြောင့်မို့လို့ အခုဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဒီဆက်စပ်မေးခွန်းမေးလာတဲ့ အကြောင်းနှင့် ဆောင်ရွက်ရမယ့်လုပ်ထုံးလုပ်နည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တင်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ရက်ချောင်း-လေးတောင်-တောင်ပေါက်-မီးကျောင်းတက်ကျေးရွာချင်းဆက်လမ်း (လေးတောင်တံတားအပါအဝင်)အား လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စုအတွင်း ကျရောက်တဲ့ ရက်ချောင်း-လေးတောင်-တောင်ပေါက်-မီးကျောင်းတက် ကျေးရွာချင်းဆက်လမ်း (လေးတောင်တံတားအပါအဝင်)ပေါ့။ အဲဒါကို လာမယ့်ဘဏ္ဍာရေးနှစ် ၂၀၁၉-၂၀၂၀ မှာ ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာ ကြယ်ပွင့်မပြမေးခွန်း သုံးကြိမ်မေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလမ်းကဆိုလို့ရှိရင် ရက်ချောင်းကျေးရွာအုပ်စုက အိမ်ခြေ ၁၀၀၀ ကျော်ရှိပါတယ်။ မီးကျောင်းတက်ကျေးရွာအထိ ပေါက်သွားမယ်ဆိုလို့ရှိရင် စစ်တွေ-ရန်ကုန်လမ်းမကြီးနဲ့တစ်ဆက်တည်းဖြစ်သွားမှာဖြစ်လို့ တော်တော့်ကိုအကျိုးရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ တစ်ကြိမ်၊ ပဉ္စမပုံမှန်အစည်းအဝေးမှာတစ်ကြိမ်၊ အဋ္ဌမပုံမှန်အစည်းအဝေးမှာတစ်ကြိမ် သုံးကြိမ်တိုင်တိုင် ကြယ်ပွင့်ပြမေးခွန်း မေးခဲ့ပါတယ်။ ဒီမေးခွန်းကတော့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ ဖြစ်ပါတယ်။ အဲဒီတုန်းက လယ်/ဆည်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းဝင်းက လက်မှတ်ရေးထိုးပြီးတော့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

အဲဒီမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ တံတားတည်ဆောက်ရေးအတွက် တံတားအထူးအဖွဲ့နဲ့ အထောက်အကူပစ္စည်းများမရှိပါသောကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေထားပါတယ်။ အဲဒီတော့ အထူးအဖွဲ့လည်းမရှိဘူး။ အထောက်အကူပစ္စည်းလည်းမရှိဘူး။ အဲဒီဌာနက လာပြီးဖြေတဲ့အခါမှာ နည်းနည်းလွဲနေတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ ပဉ္စမပုံမှန်အစည်းအဝေးမှာ မေးတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာလည်း လယ်/ဆည် ဒုတိယဝန်ကြီး ဦးလှကျော်က လက်မှတ်ထိုးပြီးဖြေထားပါတယ်။ အဲဒီမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာပါဝင်ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးခြင်းမရှိပါသော်လည်း

နှစ်အလိုက် ပြည်နယ်နဲ့တိုင်းဒေသကြီးများ၏ ဦးစားပေးအစီအစဉ်လျာထားချက်အပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလို့ ဖြေဆိုထားပါတယ်။ အဋ္ဌမပုံမှန်အစည်းအဝေးမှာ ကျွန်တော် ထပ်ပြီးတစ်ခါမေးတဲ့အခါမှာတော့ အဲဒီတုန်းက ကျေးလက်လမ်းဦးစီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနအောက် ရောက်သွားပြီဖြစ်တဲ့အတွက်လို့ အဲဒီမှာ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတော့ ဖြေထားတာရှိပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့် ဆောင်ရွက်မယ့်စီမံကိန်း ဒုတိယနှစ်တွင် ထည့်သွင်းလျာထားထားပြီးဖြစ်ပါသည်။ အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၁၂၉၀ အိမ်၊ လူဦးရေ ၄၄၁၇ ဦးအကျိုးပြုမည်ဖြစ်ပါ၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဆိုပြီးတော့ ဖြေကြားထားပါတယ်။ ဒါပေမဲ့ အဲဒီလိုဝန်ကြီးဌာနတွေက မေးခွန်းသုံးခုစလုံးကို သုံးမျိုးဖြေထားတဲ့အတွက်နဲ့ ဒီနေ့ထက်ထိ အဲဒီလုပ်ငန်းကအကောင်အထည်မပေါ်သေးပါဘူး။ ဒါ့ကြောင့် အဲဒါဘယ်လိုအဆင့်၊ ဘယ်လိုအခြေအနေမျိုးကို ရောက်ရှိနေပါသလဲ ဒေသခံပြည်သူများအတွက် သိလိုတဲ့အတွက်နဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ဝန်ကြီးဌာနကို အထက်ပါ ကျွန်တော်တင်ပြခဲ့တဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ရက်ချောင်း-လေးတောင်-တောင်ပေါက်-မီးကျောင်းတက် ကျေးရွာချင်းဆက်လမ်း (လေးတောင်တံတားအပါအဝင်) အား လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ရက်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ရက်ချောင်း-လေးတောင်-တောင်ပေါက်-မီးကျောင်းတက် ကျေးရွာချင်းဆက်လမ်း အရှည် ၃ မိုင် ၄ ဖာလုံနှင့် လေးတောင်ချောင်းကူးတံတားတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်

ပြည်နယ်အစိုးရအဖွဲ့၏ အိန္ဒိယနိုင်ငံအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်တဲ့နှစ်အလိုက် စီမံကိန်းများတွင် လျာထားတင်ပြခဲ့ပါတယ်။ သို့သော်လည်း လျာထားတင်ပြခဲ့ပေမဲ့ ရန်ပုံငွေမရရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးအား အသုံးပြုသော ယာဉ်/စီးရေသည် တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာသည့်အတွက် ယခုလက်ရှိ လေးလမ်းသွားလမ်းမကြီးမှ ခြောက်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်၍တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ယနေ့မေးမြန်းလိုတဲ့မေးခွန်းကတော့ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးအား တစ်ရက်တစ်ရက်အသုံးပြုတဲ့ ယာဉ်အစီးရေကများပြားလာတဲ့အတွက်ကြောင့်မို့လို့ ယခု လေးလမ်းသွားကနေပြီးတော့ ခြောက်လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ တကယ်လို့ ခြောက်လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ပေးမည်ဆိုပါကလည်း သက်ဆိုင်ရာဝန်ကြီးဌာနက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပေးမည်ဆိုတာကို တစ်ပါတည်းဖြေကြားပေးစေလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း မေးမြန်းထားတဲ့ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးအား အသုံးပြုသောယာဉ်စီးရေသည် တစ်နေ့ထက်တစ်နေ့တိုးတက်များပြားလာသည့်အတွက် ယခုလက်ရှိ

လေးလမ်းသွားလမ်းမကြီးမှ ခြောက်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အမှတ်(၃)လမ်းမကြီးဟာ အရှည် ၉ မိုင် ၂ ဖာလုံရှိပြီးတော့ မူလက ၂၄ ပေအကျယ် နှစ်လမ်းသွားကတ္တရာလမ်းအဖြစ် B.O.T စနစ်ဖြင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် ယာဉ်သွား၊ ယာဉ်လာများပြားလာတဲ့အတွက် မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ လေးလမ်းသွားကတ္တရာကွန်ကရစ်လမ်းအဖြစ် စတင်တိုးချဲ့ဖောက်လုပ်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ် ဧပြီလမှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါအမှတ်(၃)လမ်းမကြီးကို လေးလမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့တာဟာ အခုဆိုရင်သုံးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ အဆိုပါလမ်းကို ယခုအခါမှာ အပိုင်းလိုက်ကြည့်မယ်ဆိုရင်တော့ မိုင်တိုင်(၀/၀)ဖြစ်တဲ့ အမှတ်(၃)လမ်းဆုံကနေ မိုင်တိုင် (၃/၆)ထိ ပုလဲမြို့သစ်အထိ တစ်နေ့လျှင် ယာဉ်အစီးရေ ၈၀၀၀ ကျော်ခန့် သွားလာနေတာကို တွေ့ရှိရပြီးတော့ ပုလဲမြို့သစ်ကနေ မိုင်တိုင်(၉/၂)ရှိတဲ့ ဒီမီးပွိုင့်လမ်းဆုံအထိ အစီးရေပေါင်း ၁၂၀၀၀ ကျော်ထိ ပျမ်းမျှ သွားလာနေတာကို တွေ့ရှိရပါတယ်။ အနာဂတ်မှာဆိုရင် အမှတ်(၃)လမ်းမကြီးပေါ်မှာ သွားလာတဲ့ ယာဉ်အစီးရေက များပြားလာမှာဖြစ်တဲ့အတွက် အခုကတည်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်နဲ့ ခြောက်လမ်းသွားလမ်းတိုးချဲ့နိုင်ဖို့အတွက် စီမံချက်တွေရေးဆွဲလျက်ရှိပါတယ်။ ဒီလိုရေးဆွဲတဲ့နေရာမှာ ပထမဆုံးအနေနဲ့ လမ်းနယ်နဲ့မလွတ်ကင်းတဲ့ ဓာတ်မီးတိုင်တွေ၊ ဆက်သွယ်ရေးတိုင်တွေ၊ ပိုက်လိုင်းတွေ၊ ကျူးကျော်နေအိမ်တွေနဲ့ ဈေးဆိုင်ခန်းများနှင့် ကြော်ငြာဆိုင်းဘုတ်များစသည်တို့ကို ဖယ်ရှားရှင်းလင်းဖို့ လိုလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလမ်းနယ်နဲ့မလွတ်ကင်းတဲ့နေရာတွေကို ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အရင်ဆုံးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အဆိုပါလမ်းအား ကွင်းဆင်းစစ်ဆေးပြီးတော့ စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စာရင်းကောက်ယူချက်အရ လမ်းနယ်နဲ့မလွတ်ကင်းတဲ့ ဓာတ်မီးတိုင်တွေ၊ ဆက်သွယ်ရေးတိုင်တွေ၊ ပိုက်လိုင်းတွေကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနများက ဖယ်ရှားရွှေ့ပြောင်းပေးရမှာဖြစ်ပြီး ကျူးကျော်ဆိုင်ခန်းများ၊ ကျူးကျော်ဈေးသည်များနှင့် ကျူးကျော်နေအိမ်များကိုတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရှင်းလင်းဖယ်ရှားပေးရမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေဆောင်ရွက်ပြီးတဲ့

အချိန်မှာတော့ လမ်းချဲ့ခြင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ B.O.T ကုမ္ပဏီကနေပြီးတော့ စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ် စစ်တွေ-ပါဒလိတ်ဇီးကိုင်း-ရသေ့တောင်လမ်းပေါ်ရှိ မူစဲကျွန်းနှင့် ငနပြားချောင်းကို ဆက်သွယ်မည့် ငနပြားတံတားကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါရှင့်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ စစ်တွေ-ပါဒလိတ်ဇီးကိုင်း-ရသေ့တောင်လမ်းပေါ်ရှိ မူစဲကျွန်းနဲ့ငနပြားချောင်းကိုဆက်သွယ်ပေးမယ့် ငနပြားတံတားကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်ရှင်။ ရသေ့တောင်မြို့နယ်အတွင်း မြို့နယ်ကျေးရွာချင်းဆက်လမ်းများအနေဖြင့် မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများနဲ့ လမ်းကွန်ရက်ချိတ်ဆက်မှု အတော်အသင့်ကောင်းမွန်နေပြီဖြစ်ပါတယ်။ ကူတောင်တိုက်နယ်အတွင်းတည်ရှိတဲ့ မူစဲကျွန်းဟာဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ အကြီးဆုံးကျွန်းများအနက် တစ်ကျွန်းအပါအဝင်ဖြစ်ပါတယ်။ ဒီဂူတောင်တိုက်နယ်မှာ ကျေးရွာပေါင်း ၂၄ ရွာနဲ့ဖွဲ့စည်းထားပြီးတော့ လူဦးရေ ၃၀၀၀၀ ကျော် နေထိုင်လျက်ရှိနေကြပါတယ်။ ဒီကျေးရွာမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူများအနေဖြင့် စစ်တွေမြို့ကို သွားလာလို့ရှိရင် လှိုင်းလေကြီးပြီးတော့ ပုံ(၁)၊ ပုံ(၂)မှာပြထားတဲ့ ပါဒလိတ်အကျယ်တစ်မိုင်ခွဲခန့်ရှိတဲ့ တွီတေးမြစ်ကို စက်လှေများဖြင့် ဖြတ်ကူးပြီးတော့ ကားလမ်းဖြင့်တစ်ဆင့် သွားလာကြရပါတယ်။

ရသေ့တောင်မြို့ကိုသွားလို့ရှိရင်လည်း ပုံ(၃)၊ ပုံ(၄)တွင်ဖော်ပြထားတဲ့ ငနပြားချောင်းတို့ကို စက်လှေများဖြင့် သွားလာကြရပါတယ်။ ရေလမ်းခရီးဖြစ်တဲ့အတွက် မိုးရာသီဆိုရင် သွားရေးလာရေးအတွက်အင်မတန်ခက်ခဲမှုတွေနဲ့ ကြုံတွေ့ကြရပါတယ်။ ပုံ(၃)၊ ပုံ(၄)တွင်ဖော်ပြထားတဲ့ ငနပြားချောင်းဟာဆိုလို့ရှိရင် ပေ ၇၀၀ ရှိပါတယ်။ ဒီချောင်းကို တံတားတည်ဆောက်ပြီး ငနပြားမှ ပြားချောင်းကြီးကျေးရွာသို့ သုံးမိုင်ကားလမ်းသာ ဖောက်လုပ်ပေးလိုက်မယ်ဆိုရင် ဒီကျေးရွာမှ

ဒေသခံပြည်သူများအနေဖြင့် ငနပြားချောင်းကို ဖြတ်ကူးစရာမလိုတော့ဘဲနဲ့ ပုံ(၅)၊ ပုံ(၆)မှာပြထားတဲ့ အတိုင်း ယခုလက်ရှိအသုံးပြုသွားလာနေတဲ့ ရသေ့တောင်-ပုဏ္ဏားကျွန်း-စစ်တွေကားလမ်းမကြီးမှ တစ်ဆင့် တခြားမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးများသို့ တိုက်ရိုက်သွားလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒေသခံပြည်သူများမှာ ကုန်းလမ်းခရီးမှ အချိန်တိုအတွင်း တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီးတော့ ကုန်စည်စီးဆင်းမှုများလည်း ပိုမိုမြန်ဆန် ကောင်းမွန်လာနိုင်စေရေးအတွက် ဒီမေးခွန်းကို လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေမေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ စစ်တွေ-ပါဒလိတ်ဇီးကိုင်း-ရသေ့တောင်လမ်းပေါ်ရှိ မူစဲကျွန်းနှင့်ငနပြားချောင်းကို ဆက်သွယ်မည့် ငနပြားတံတားကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်နှင့် မူစဲကျွန်း အကြားရှိ ငနပြားတံတားသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော စစ်တွေ-ရသေ့တောင် လမ်းပိုင်းတွင် တည်ရှိပါတယ်။ ချောင်းကမ်းနှစ်ဖက်အကွာအဝေးမှာ ၈၀၀ ပေခန့်ရှိပြီးတော့ တံတား တည်ဆောက်မည်ဆိုပါက သင်္ဘောများအဝင်/အထွက်ရှိတဲ့အတွက် အရှည် ၁၄၀၀ ပေခန့် တည်ဆောက်ရမှာဖြစ်ပါတယ်။ ငနပြားမြစ်ကူးတံတား တည်ဆောက်ပေးမည်ဆိုပါက မူစဲကျွန်းနှင့် ရသေ့တောင်မြို့တို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်သွားမှာဖြစ်ပြီးတော့ မူစဲကျွန်း-ကျောက်ဆုံ-ပြင်ခေါင်ရွာသစ်-ပြင်ခေါင်ရွာဟောင်း-အလယ်ရွာ-ပြားချောင်းကြီးရွာ-ပြားချောင်းကြီးတံတားမှ ရသေ့တောင် မြို့တို့ကို မော်တော်ကား၊ ဆိုင်ကယ်များဖြင့် တိုက်ရိုက်သွားလာနိုင်မှာဖြစ်ပါတယ်။ အဆိုပါငနပြား တံတားအား တည်ဆောက်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ မှာရော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနှစ်ရပ်စလုံးမှာ လျာထားတင်ပြတောင်းခံသွားရမှာ

ဖြစ်ပြီးတော့ ရန်ပုံငွေများရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ (၁၁-၃-၂၀၁၉ ရက်နေ့)က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က တင်သွင်းခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး အထိ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၃ နှင့်အညီ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသည့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှု နည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၁၈-၂-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါး သည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက် လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်ခုနစ်ဦးရှိပါ တယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဦးအာမိုးဆီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ လူဦးရေစုစုပေါင်း ၇၀ ရာခိုင်နှုန်းနီးပါး နေထိုင်လျက်ရှိတဲ့ ကျေးလက်ဒေသများ၏ လက်ရှိလမ်းပန်းဆက်သွယ်မှုအခြေအနေကို ကြည့်တဲ့အခါမှာ ကျေးလက်လမ်းမိုင်ပေါင်း ၅၅၀၀၀ ရှိတဲ့အနက် ကတ္တရာ၊ ကွန်ကရစ်ခင်းနိုင်တဲ့ရာခိုင်နှုန်းဟာ ခြောက်ရာခိုင်နှုန်းသာရှိပြီးတော့ ကျောက်ခင်းလမ်း ၁၃ ရာခိုင်နှုန်းရှိကြောင်း အဲဒီအတွက် ရာသီမရွေးသွားလာနိုင်တဲ့လမ်း စုစုပေါင်း ၁၉ ရာခိုင်နှုန်းသာရှိကြောင်း ကျေးရွာများအနေနဲ့ ကြည့်မယ်ဆိုရင်လည်းပဲ မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကျေးရွာပေါင်း ၅၇၇၂၈ ရွာရှိတဲ့အနက် ၅၀ ရာခိုင်နှုန်းကသာ ရာသီမရွေးသွားလာနိုင်ပြီးတော့ ကျေးရွာ ၃၆ ရာခိုင်နှုန်းကတော့ ရာသီမရွေးအသုံးပြုနိုင်ခြင်းမရှိတဲ့ လမ်းများဖြစ်တဲ့အတွက် မိုးရာသီအချိန်မှာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်လျက်ရှိပြီးတော့ ကျေးရွာ ၁၄ ရာခိုင်နှုန်းကတော့ လမ်းလုံးဝမရှိသေးတဲ့အခြေအနေကို တွေ့ရမှာဖြစ်ကြောင်း ကျေးလက်နေလူဦးရေ ၃၄.၇၂ သန်းရှိတဲ့အနက် ၅၈ ရာခိုင်နှုန်းကသာ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းများကို အသုံးပြုနိုင်ပြီးတော့ ကျေးလက်နေလူဦးရေစုစုပေါင်း ၁၀.၃၄ သန်းခန့် ရာသီမရွေးသွားလာနိုင်တဲ့လမ်းကို အသုံးပြုနိုင်တဲ့အခြေအနေရှိပြီး လူဦးရေ လေးသန်းခန့်ကတော့ လမ်းလုံးဝအသုံးပြုနိုင်ခြင်းမရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်လမ်းများကောင်းမွန်မှုမရှိခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက်သာ ဆုံးရှုံးနစ်နာမည်မဟုတ်ဘဲ နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာစေသည့်အတွက် အလေးထားပြီးဆောင်ရွက်ပေးစေကြောင်း ဒါကြောင့် ကျေးလက်ဒေသများ၊ ပြည်သူများ တွေ့ကြုံနေရတဲ့အခက်အခဲများကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုဖောက်လုပ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ကျေးလက်နှင့်မြို့ပါ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

**မှူကြမ်း**

ကျေးလက်လမ်း၊ တံတားများအတွက် အိမ်နီးချင်းနိုင်ငံရဲ့ အသုံးစရိတ်က မြန်မာနိုင်ငံရဲ့ အသုံးစရိတ်ထက် အဆ ၄၀ ခန့်ရှိပြီး ဗီယက်နမ်နိုင်ငံရဲ့အသုံးစရိတ်ကလည်း မြန်မာနိုင်ငံရဲ့အသုံးစရိတ်ထက် ၁၀ ဆခန့်ရှိကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများထက် အများဆုံးအသုံးပြုသောနိုင်ငံဖြစ်ပြီး မြန်မာငွေအနေဖြင့် တွက်မည်ဆိုပါက ဘီလီယံပေါင်း ၁၉၈၄၀ ခန့်နှင့် အမေရိကန်ဒေါ်လာနှင့်တွက်မည်ဆိုပါက ၁၂.၈ ဘီလီယံရှိကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ တင်ပြချက်အရ သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့နှင့် GDP တိုးတက်မှုမှာ အရေးပါတဲ့အခန်းကဏ္ဍမှာရှိတဲ့ ကျေးလက်လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံဖို့ အမှန်တကယ်လိုအပ်နေပြီဖြစ်ကြောင်း ထိုရည်မှန်းချက်များကိုလည်း ပိုမိုအောင်မြင်စေရန်အတွက် လိုအပ်သည့်ရန်ပုံငွေများကို ပိုမိုဖြည့်ဆည်းပေးဖို့ မဖြစ်မနေလိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပြည်သူလူထုအမှန်တကယ်လိုအပ်တဲ့ ကျေးလက်လမ်း၊ တံတားများကို စံချိန်စံညွှန်းနှင့်အညီ အချိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရန်အတွက် အရေးပါတဲ့အခန်းကဏ္ဍဖြစ်တဲ့ ပြည်သူ့ဝန်ထမ်းများကိုလည်း ပိုမိုဖြည့်ဆည်းခန့်ထားပေးဖို့ တင်ပြလိုပါတယ်။ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကျေးလက်နေလူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စွမ်းရည်များတိုးတက်လာခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BRAC မြန်မာတို့ ပူးပေါင်း၍ စီမံကိန်းကာလသုံးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ကြောင်း ၎င်းမဟာဗျူဟာအရ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ဖို့ရည်မှန်းချက်တစ်ရပ် ချမှတ်ခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် ကျေးရွာအားလုံး

ကို ရာသီမရွေးသွားလာနိုင်သည့်လမ်းများနှင့် ဆက်သွယ်ဖောက်လုပ်နိုင်ဖို့ ပိုမိုတိုးမြှင့်ရန် စီမံချက်ချမှတ်ထားကြောင်း သိရှိရပါတယ်။

နိဂုံးချုပ်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ ပိုမိုဖြည့်ဆည်းပေးမည့်ရန်ပုံငွေကို အလေအလွင့်မရှိ အသုံးပြုနိုင်ရေးအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ QC Team နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖွဲ့စည်းပေးထားတဲ့ Third Party Inspection Team များ၏ စစ်ဆေးကြပ်မတ်မှုများနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုပြည့်စုံကောင်းမွန်သည့် ကျေးလက်လမ်း၊ တံတားများကို အချိန်တိုအတွင်း ပြည်သူများအသုံးပြုနိုင်မည်ဖြစ်ကြောင်း တင်ပြရင်း အကြံပြုထောက်ခံဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်က ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် သံတောင်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာလိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးတဲ့ မြို့နယ်အပါအဝင်တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ လမ်းပန်းဆက်သွယ်ရေးပေါ်မှာ အဓိကမူတည်နေတာတွေ့ရပါတယ်။ လမ်းပန်းဆက်သွယ်မှုကောင်းလို့ရှိရင် ၎င်းဒေသဟာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှုခက်ခဲပါက ၎င်းဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုက အလွန်နှေးကွေးပြီးတော့ လူနေမှုအဆင့်အတန်းလည်း အလွန်နိမ့်ကျလျက်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွင်းရှိ ကျေးလက်ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်းများကို အဓိကဖောက်လုပ်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ခက်ခဲတဲ့ဒေသ ကျေးရွာလမ်းများကို ဦးစားပေးဖောက်လုပ်ဆောင်ရွက်ပေးဖို့ရန်အတွက် အထူးလိုအပ်ပါတယ်။ ဒီလို

ဆောင်ရွက်မှသာလျှင် သွေးချင်းတို့ရဲ့ဒေသများမှာ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဦးမော့လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားအဆင့် ကျေးလက်များဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအရ ကျေးရွာအားလုံးရဲ့ထက်ဝက်ကျော်ဟာ ကျေးရွာချင်းဆက်လမ်းများမရှိပါ။ ကျေးရွာအားလုံးရဲ့ ၃၆ ရာခိုင်နှုန်းမှာ နွေရာသီအချိန်တွင်သာသွားလာနိုင်ပြီး မိုးတွင်းအချိန်အခါမှာ လုံးဝသွားလာနိုင်ခြင်းမရှိပါ။ ကျေးရွာအားလုံးရဲ့ ၁၄ ရာခိုင်နှုန်းဟာ လုံးဝလမ်းများမရှိ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မဟာဗျူဟာရည်မှန်းချက်အရ လာမယ့် ၂၀၃၀ ခုနှစ်မှာဆိုရင် နိုင်ငံတော်အစိုးရမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ကျေးရွာအားလုံးပေါင်း ၉၀ ရာခိုင်နှုန်းကို လမ်းပန်းဆက်သွယ်နိုင်သည်သာမကဘူး။ ဒီထက်မက ကျေးရွာ ၈၀ ရာခိုင်နှုန်းအား ရာသီမရွေးသွားလာနိုင်စေရန် အတွက် စီမံချက်များရေးဆွဲလျက်ရှိနေတာကို တွေ့ရပါတယ်။ သို့ပါ၍ အလိုအပ်ဆုံး၊ အခက်အခဲဆုံး ကျေးရွာဒေသများအတွက် စီမံကိန်းများရေးဆွဲထည့်ဝင်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် အထူးလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သံတောင်ကြီးမြို့နယ်ဟာ တောင်ပေါ်ဒေသဖြစ်ပါတယ်။ မြေပြန့်ဒေသမရှိသလောက်ဖြစ်နေပါတယ်။ တောတောင်၊ လျှိုမြောင်၊ စိမ့်စမ်း၊ ချောင်းမြောင်းပေါများသည့်အတွက် လမ်း၊ တံတားနည်းပါးပြီး ဖောက်လုပ်မှုမရှိခဲ့ပါဘူး။ သွားလာမှုအလွန်ခက်ခဲပါတယ်။ ကျေးရွာချင်းဆက်လမ်းများအားလည်း နွေရာသီမှာဆိုရင် သွားလာလို့ရပါတယ်။ မိုးတွင်းအချိန်အခါမှာဆိုရင် သွားလာလို့မရပါဘူး။ အချို့ကားများဆိုရင် ချိန်းကြိုးတွေတပ်ပြီးတော့ သွားလာနေရတဲ့အခါမှာ မြေသားလမ်းတွေက ထယ်ကြောင်းပုံစံမျိုးဖြစ်နေတာကို တွေ့ရပါတယ်။ အချို့ဒေသများမှာဆိုရင် ခြေလျင်ခရီးနဲ့သာလျှင် သွားလာနေတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲတဲ့ဒေသတွေမှာ ဘာတွေအကျိုးဆက်ဖြစ်လာလဲဆိုရင် လူမှုစီးပွားရေးနိမ့်ကျလျက်ရှိနေတာကို တွေ့ရပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးကူညီစောင့်ရှောက်မှုကလည်း အလွန်နည်းပါးလျက်ရှိနေတာကို တွေ့ရပါတယ်။ ထွက်ကုန်သီးနှံ ကုန်စည်စီးဆင်းမှုကလည်း ခက်ခဲတဲ့အတွက်ကြောင့် ကျေးရွာနေပြည်သူများအတွက် စားဝတ်နေရေးက အလွန်ခက်ခဲလျက်ရှိပါတယ်။ ကျွန်တော်တို့ဒေသကဲ့သို့ အခြားခက်ခဲတဲ့ဒေသတွေကလည်း အများအပြားရှိနေတာကို တွေ့ရပါတယ်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာလျှင် ဒေသထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့အချိန်မီ ပို့ဆောင်နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်တစ်ပိုင်သယ်ယူပို့ဆောင်ခြင်းမှ စီးပွားဖြစ်တင်ပို့ရောင်းချပြီးတော့ စီးပွားတိုးတက်လာမှာဖြစ်ပါတယ်။ စားဝတ်နေရေး

ဖူလုံလာတဲ့အတွက်ကြောင့် စီးပွားရေးကလည်း တိုးတက်လာမယ်၊ လူနေမှုအဆင့်အတန်းကလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ထိုနည်းတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိတဲ့ အကျိုးကျေးဇူးများကို ကျေးရွာရှိပြည်သူလူထုတွေက အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံမှန်အနေအထားဖြင့်သာ ကျေးလက်လမ်းများဖောက်လုပ်ပြီး ဆောင်ရွက်ပေးခဲ့သော ခက်ခဲတဲ့ဒေသတွေကတော့ ကျေးလက်ဒေသတွေမှာ နေထိုင်တဲ့ပြည်သူတွေရဲ့ဘဝက ဒုံရင်းဒုံရင်းဘဝနဲ့ပဲ တိုးတက်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် တစ်ပြေးညီတိုးတက်လာနိုင်ရန်အတွက်ဆိုရင် ၎င်းဒေသတွေရဲ့လိုအပ်ချက်များကို ပိုမိုဖြည့်စွက်ဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲနိမ့်ကျခြင်းဘဝမှ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အထူးလိုအပ်တဲ့ ခက်ခဲတဲ့ဒေသများနဲ့ ပြည်နယ်များရဲ့လမ်းပန်းဆက်သွယ်မှုကို ပို၍ဖောက်လုပ်မြှင့်တင်ပေးဖို့ရန်အတွက် အစိုးရအားတိုက်တွန်းတဲ့အဆိုဖြစ်တဲ့ ဦးနေလင်းအောင်ရဲ့အဆိုကို ဥက္ကဋ္ဌမှတစ်ဆင့် အတည်ပြုဆောင်ရွက်ပေးပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ကြွရောက်လာကြသော ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ပင်လယ်ကျွန်းအခြေစိုက်ကျေးရွာများ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ အခြေအနေများနဲ့ဆက်စပ်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအဆိုကို မဆွေးနွေးခင် ၃၁-၁-၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍မရသည့် ကျွန်းအခြေစိုက်ကျေးရွာများကို လမ်း၊ တံတားနဲ့ပတ်သက်ပြီး ပထမဦးစားပေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကို မေးမြန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီမေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လာရောက်ဖြေကြားခြင်းမရှိဘဲ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက လာရောက်ဖြေကြားတာကို အံ့သြဖွယ်တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနအမည်၊ ဦးစီးဌာနအမည်

အတိအကျရေးပြီး မေးထားတဲ့မေးခွန်းကို အဘယ့်ကြောင့် အခြားဝန်ကြီးဌာနက ဘာကြောင့် လာဖြေတယ်ဆိုတာကို သိချင်ပါတယ်။ အောက်ခြေမြို့နယ်အဆင့် တည်ဆောက်ရေးနဲ့ပတ်သက်တဲ့ ဌာနဆိုင်ရာတွေဆိုရင်လည်းပဲ ပင်လယ်ကျေးရွာတွေကို ကွင်းဆင်းဖို့ခေါ်ရင်လည်း မလိုက်ချင်ကြပါဘူး။ အကြောင်းအမျိုးမျိုးပြပြီးတော့ ငြင်းပယ်တာကများပါတယ်။ ကျွန်တော်တို့ ပင်လယ်ကမ်းရိုးတန်းဒေသဆိုတာ ကုန်းအခြေစိုက်ထက် ကျွန်းအခြေစိုက်ကျေးရွာတွေက များပါတယ်။ ကျွန်းအခြေစိုက်ကျေးရွာတွေမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးမှ မြို့နယ်လည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပင်လယ်ကျေးရွာတွေမှာဆိုရင် ပင်လယ်ငါးဖမ်းလုပ်ငန်းနဲ့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနေကြတာ ဖြစ်ပါတယ်။ ဒီပင်လယ်ကျေးရွာတွေလည်း ကုန်းအခြေစိုက်ကျေးရွာတွေ၊ မြို့ပြတွေလို အခွင့်အရေးတန်းတူရရှိပြီး တစ်ပြေးညီဖွံ့ဖြိုးဖို့ လိုအပ်ပါတယ်။ ပင်လယ်ကျေးရွာတွေရဲ့ လူနေမှုပုံစံနဲ့ကိုက်ညီတဲ့ လမ်း၊ တံတား၊ ဆိပ်ခံတံတားတွေ တည်ဆောက်ပေးဖို့လိုအပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုရင် ငါးနှစ်စီမံကိန်းများရေးဆွဲပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်လျက်ရှိတယ်။ အခုဆိုလို့ရှိရင် ဒုတိယငါးနှစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး ဒုတိယငါးနှစ်စီမံကိန်းကို ပင်လယ်ဒေသနဲ့ကိုက်ညီတဲ့ လုပ်ငန်းပုံစံစီမံကိန်းများမပါရှိပါဘူး။ ဒါကြောင့် တတိယငါးနှစ်စီမံကိန်းမှာ ပင်လယ်ဒေသလိုအပ်ချက်နဲ့ကိုက်ညီတဲ့ လုပ်ငန်းပုံစံမျိုးတွေကို ကွင်းဆင်းလေ့လာပြီးတော့ ထည့်သွင်းရေးဆွဲပေးဖို့ အကြံပြုတိုက်တွန်းလိုအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ လုပ်ငန်းများစတင်ဆောင်ရွက်တာဖြစ်တဲ့အတွက် နောက်လာမယ့်ဘတ်ဂျက်နှစ်တွေမှာ ပင်လယ်ကျေးရွာများရဲ့ လူနေမှုပုံစံနဲ့ကိုက်ညီတဲ့ တန်ဖိုးသင့်ဆိပ်ခံတံတား၊ ကျေးရွာတွင်းတံတား၊ လမ်းများကို ထည့်သွင်းဆောင်ရွက်ပေးဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ပင်လယ်ကျေးရွာတွေမှာ ရေလုပ်ငန်းနဲ့အသက် မွေးဝမ်းကျောင်းပြုသူကအများစုဖြစ်ပါတယ်။ သူတို့ရဲ့ရေလုပ်ငန်းသုံးပစ္စည်းတွေဖြစ်တဲ့ လှေ၊ စက်၊ ပိုက်၊ မြားတန်းတွေ မပျောက်ပျက်ရအောင် မိမိအိမ်အနောက် အိမ်တိုင်မှာချည်ပြီးတော့ ထိန်းသိမ်းထားရှိရပါတယ်။ ဒါကြောင့် အိမ်တွေကို ရေထဲမှာတည်ဆောက်ရတာဖြစ်ပြီး တစ်အိမ်နဲ့တစ်အိမ်ကို တံတားများထိုး ဆက်သွယ်ပြီး သွားလာရတဲ့ ရေပေါ်ကျေးရွာကြီးတွေဖြစ်ပါတယ်။ ယခုအခါ ပင်လယ်ဒီရေတောများ ပြုန်းတီးလာခြင်း၊ ဒီရေတောများကို ကန့်သတ်ထိန်းချုပ်ကာကွယ်မှုများလာခြင်းတို့ကြောင့် ရေငန်သစ် များရှားပါးလာပြီး ရွာတံတားတွေပြုပြင်တဲ့အခါမှာပဲဖြစ်စေ၊ အသစ်တည်ဆောက်တဲ့အခါပဲဖြစ်စေ အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။

**မှူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါကတော့ ဆလုံလူမျိုးတွေနေထိုင်တဲ့ လငန်းကျေးရွာပါ။ ဘုတ်ပြင်းမြို့နယ်ကပါ။ ဒါလည်း ပင်လယ်ကျေးရွာတစ်ခုပါ။ ဒါတော့ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ရေလယ်ကျွန်းကျေးရွာတွေပါ။ ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာ ဒါ အများသုံးဆိပ်ခံတံတားပေါ့။ သစ်တွေအများကြီးသုံးပြီး တည်ဆောက်ထားတာပါ။ အခုဆိုရင် သစ်လုံးတွေ၊ မျောတွေ၊ တိုင်တွေက ခုတ်လို့ပင်ပန်းလာတဲ့အတွက် တံတားတွေက ဒီအတိုင်းပဲဖြစ်နေပါတယ်။ ဒါတွေက တကယ်တော့ ပြုပြင်ပြီးသား။ အဲဒီရွာကြီးက အိမ်ခြေ ၆၀၀ ကျော်ရှိပါတယ်။ ဒါတော့ ရွှေဂဲညိုရွာရဲ့ ရွာလမ်းတံတားပါ။ တံတားတွေပျက်နေတယ်။ ကလေးတွေသွားတဲ့အခါလည်း အန္တရာယ်များပါတယ်။ အပေါက်တွေနဲ့။ သစ်ကရှားပါးလာတဲ့အတွက်ကြောင့် ပြင်ဆင်ဖို့တော်တော်လေးခက်ခဲနေပါတယ်။ ဒါလည်းသူတို့ရွာတံတားတွေပါ။ ကျေးရွာအတွင်းတံတားတွေပါ။ ဒါကတော့ အပြင်ကနေ မြင်ရတဲ့ပုံပါ။ ပင်လယ်ကနေရိုက်ထားတဲ့ပုံပါ။ တိုင်တွေအများကြီးအသုံးပြုရပါတယ်။ အထဲမှာဆိုရင်လည်း တံတားတွေရှိပါတယ်။ တံတားကိုအသုံးပြုပြီး သွားလာရတာပါ။ ဒါကတော့ အလယ်မှန်ကျေးရွာမှာ တည်ဆောက်နေတဲ့ တန်ဖိုးသင့်တံတားပါ။ အောက်ပါကွန်ကရစ်ဖရိန်ခံလိုက်တယ်။ ကွန်ကရစ်ဖရိန်ခံပြီးတော့ အပေါ်မှာတော့ သစ်သားရက်မတွေနဲ့ သစ်သားကြမ်းခင်းခင်းလိုက်မယ်ဆိုရင် တော်တော်လေးတန်ဖိုးသက်သာတဲ့တံတားဖြစ်ပါတယ်။ ဒီတံတားဟာ ပေ ၆၁၄ ပေရှိပါမှာ။ ၆၁၄ ပေကို အားလုံးပေါင်းမှာ သိန်း ၅၀၀ ကျော်ပဲကုန်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပင်လယ်ဒေသဟာ အခြားကျေးလက်၊ မြို့ပြဒေသများနည်းတူ တန်းတူအခွင့်အရေးရရှိပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြရင်း ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝင်း(ကျွန်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်းဖြစ်ပြီး မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို ဒေသရဲ့ဖြစ်စဉ်များနှင့် ယှဉ်တွဲတင်ပြထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို မြေပြန့်ဒေသကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကျွန်တော် ဘာကြောင့်ပါဝင်ဆွေးနွေးရသလဲဆိုရင် ကျွန်တော်တို့ကျွန်းလှမြို့နယ်

ဟာ မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှမှာတောင်မှ အထူးခြားဆုံးနဲ့ အဆိုးဝါးဆုံးဖြစ်စဉ်မျိုးတွေကို ဖြတ်သန်းခဲ့ရတဲ့နယ်မြေဒေသတစ်ခုဖြစ်လို့ ကျွန်တော်ပါဝင်ဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့တောင်အာရှမှာ အကြီးမားဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးကို ကျွန်းလှမြို့နယ်အတွင်း သဖန်းဆိပ်ကျေးရွာအတွင်း မူးမြစ်ကို အရှည် လေးမိုင်ခွဲလောက်ရှိတဲ့တမံဘောင်ကြီးနဲ့ အပြီးပိတ်ဆို့ပြီးတော့ တည်ဆောက်လိုက်လို့ မြို့နယ်အခြေစိုက်ကျွန်းလှမြို့ဟာ ရေအောက်ရောက်ရှိသွားပြီး ၁၉၉၆ ခုနှစ်မှာ မူလမြို့ဟောင်းရဲ့အရှေ့ဘက် ၁၆ မိုင်အကွာ ကန့်ဘလူမြို့နယ်ရှိ ကျေးရွာအုပ်စုတွေကြားမှာရွှေ့ပြောင်းပြီးတော့ မြို့သစ်တည်ဆောက်ခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ခေါင်းတွဲနဲ့တူတဲ့ ကျွန်းလှမြို့သစ်ဟာ မြို့နယ်ရဲ့အပြင်ဘက် အရှေ့ထိပ်ကန့်ဘလူမြို့နယ်ထဲ တည်းတည်းကြီးကျွံ့ဝင်ရောက်ရှိသွားပြီး လူစီးတွဲတွေနဲ့တူတဲ့ ကျွန်းလှမြို့နယ်ရဲ့ကျေးရွာအုပ်စုတွေက အနောက်ဘက်နယ်မြေဒေသတွေမှာ ပြတ်ကျကျန်ရစ်ခဲ့ကြလို့ အဲဒီဖြစ်စဉ်က မြို့နဲ့ကျေးရွာများ ကူးလူးဆက်ဆံရေးကို ရွှေပြည်တော်မျှော်တိုင်းဝေးဖြစ်စေခဲ့ပါတယ်။ မြို့သစ်မတည်ခင်က နိုင်ငံအကြီးအကဲများက ဥယျာဉ်မြို့တော်၊ ပန်းမြို့တော် စံပြမြို့သစ်ကြီးတည်ပေးမယ်။ လျှပ်စစ်မီးထိန်ထိန်ငြီးစေရမယ်။ လမ်းပေါ်လျှောက်ရင် ငုံ့ပြီးခေါင်းဖီးရင်တောင် ပြောင်ဝင်းနေတဲ့လမ်းသစ်ကြီးတွေဖောက်ပေးမယ်လို့ ကတိတွေအမျိုးမျိုးပေးခဲ့ကြပေမဲ့ မြို့သူမြို့သားတွေကတော့ မြို့သစ်တည်ပြီးလို့ ကနေ့ အနှစ် ၂၀ ကျော်ကြာခဲ့သော်ငြားလည်း မြို့သစ်ရဲ့လမ်းတွေပေါ် ရွှံ့ထဲ၊ ဗွက်ထဲ တောစီးလည်ရှည်ဘွတ်ဖိနပ်ကြီးတွေနဲ့ တစ်စွပ်စွပ်လျှောက်ပြီးတော့ စခန်းသွားနေကြရတာပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တမံကြီးကြောင့် မြို့နယ်အခြေစိုက် ကျွန်းလှမြို့တင်ပြောင်းရွှေ့ခဲ့ရတာမဟုတ်ပါဘူး။ မြို့နယ်ထဲမှာရှိတဲ့ ကျေးရွာ ၇၃ ရွာကလည်း ရေပြင်ကြီးအောက်ရောက်ခဲ့ရလို့ အလျား ၂၃ မိုင်၊ အနံ ၁၂ မိုင်ကျယ်ဝန်းတဲ့ ကုန်းမြင့်ပင်လယ်ပြင်ကြီးနဲ့တူတဲ့ရေပြင်ကြီးရဲ့ဘေးပတ်ပတ်လည် ရေလွတ်တဲ့ကုန်းတန်းတောင်ကြောတွေတစ်လျှောက် ရရာနေရာတွေမှာရွာသစ်တွေ ပြောင်းတည်ဆောက်ကြရတော့ ရွာသစ်တစ်ရွာနဲ့တစ်ရွာကြား လျှိုတွေ၊ မြောင်တွေ၊ ချောက်ကမ်းပါးပျက်တွေ၊ ချောင်းမြောင်းတွေကျော်ဖြတ်ပြီး လမ်းသစ်တွေဖောက်လုပ်ကြရပါတယ်။ လမ်းသစ် ၁၂၇ မိုင်ကျော်ဖောက်လုပ်ရာမှာလည်း လမ်းပိုင်းတော်တော်များများဟာ တခြားနေရာကမြေတွေကိုသယ်ဖို့ဖောက်ကြရလို့ မြေသားကမခိုင်မာ၊ လမ်းကုမ္ပဏီတွေကလည်း စေတနာကမပါဖြစ်ရတဲ့အထဲမှာ ဘူးလေးရာ ဖရုံဆင့်ဆိုသလို ၂၀၁၅ ခုနှစ် သဘာဝရေဘေးကပ်ဆိုက်လို့ ယခင်

သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဗွေဆော်ဦးခရီးစဉ်အဖြစ် ကျွန်းလှမြို့နယ်သို့လာရောက်ခဲ့တဲ့ကာလအတွင်း တစ်နယ်လုံးမိုးကြီးရေလျှံခဲ့လို့ ကျေးလက်လမ်း၊ တံတားများ မိုးရေထဲကျိုးပေါက်မျောပါ လမ်းတွေလည်း အပိုင်းပိုင်းပြတ်ထွက်သွားခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နဲ့ကျေးလက်ဘယ်လောက်အဆက်သွယ်ပြတ်ခဲ့ရသလဲဆိုရင် တမံရေပြင်ကြီးရဲ့အနောက်ဘက်နယ်မြေ မင်းကင်းမြို့နယ်နဲ့ နယ်စပ်တောင်ခြေဒေသက ပြည်သူများနဲ့နိုင်ငံ့ဝန်ထမ်းများ မိုးရာသီ ကျွန်းလှမြို့ကိုလာမယ်ဆိုရင် ပထမဆုံး ကိုယ်လာမယ့် ကျွန်းလှမြို့နဲ့ဆန့်ကျင်ဘက်အရပ် ပင်လယ်ဘူးမြို့နယ်ထဲ အရှေ့မြောက်ဘက်ကိုဆန်တက် နော်မူး၊ ဝါးပဲအင်း၊ ပေကုန်းကျေးရွာတွေကို တစ်ကွေ့တစ်ပတ်ဖြတ်ကျော် ကောလင်းမြို့နယ်ထဲဝင်ရောက် ကောလင်းမြို့အထိ မိုင် ၇၀ ကျော်က ခရီးဆက် ကောလင်း-ကျွန်းလှကားလမ်းပေါ်တက် နောက်ထပ် မိုင် ၅၀ ခရီးဆက်ပြီးတော့ဆက်မှ ကိုယ့်မြို့ကိုရောက်ရပါတယ်။ တခြားမြို့နယ်နှစ်ခုကို မိုင် ၇၀ ကျော် ကွေ့ပတ်ဖြတ်ကျော်ပြီးမှ ကိုယ့်မြို့နယ်ရဲ့မြို့ကိုလာရတယ်ဆိုတဲ့ခရီးစဉ်မျိုး မြန်မာပြည်မှာရှိမယ်လို့လည်း မထင်ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနယ်သူနယ်သားများအနေနဲ့ ကျွန်းလှမြို့အပါအဝင် ကျေးရွာပေါင်း ၇၃ ရွာ အပျက်အစီးခံ၊ နယ်သူနယ်သား ၅၀၀၀၀ ကျော်တို့ရဲ့ဘဝတွေပေးဆပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တမံကြီးရဲ့အောက်ဘက် တန့်ဆည်မြို့နယ် ပြည်သူတစ်သန်းကျော်တို့အတွက် မြန်မာနိုင်ငံရဲ့ဒုတိယအကြီးမားဆုံး မူးမြစ်ဝှမ်းစပါးကျည်ကြီးကိုလည်း တည်ဆောက်ပေးခဲ့ကြပါပြီ။ တမံရေပြင်ကြီး ပြည့်လျှံဖြိုးအောင် ကျွန်းလှနယ်သူနယ်သားများရဲ့မျက်ရည်များနဲ့သွန်းလောင်းလို့ ရွှေဘိုပေါ်ဆန်းမွှေး၊ ဘေးကြားဆန်ကြမ်းနဲ့ပဲ ပြည့်ဝမ်းဗိုက်ကိုဝစေခဲ့ကြပါပြီ။ တမံကြီးရဲ့ ရေနဲ့ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၀ ထုတ်လို့ မဟာဓာတ်အားလိုင်းသို့ ဖြည့်ဆည်းပေးပြီးတော့ ပြည်သူများအား အလင်းလည်းရစေခဲ့ကြပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဒီကျေးဇူးတရားတွေကိုထောက်ရှုပြီး အစတေးခံပြည်သူများနေထိုင်ရာ ကျွန်းလှမြို့နယ်ရဲ့ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ပေးရေးလုပ်ငန်းတွေကို မြို့နယ်ရဲ့ပထဝီမြေပုံတစ်ခုလုံးပြောင်းပြန်ပြောင်းလဲသွားရပြီး အရှေ့တောင်အာရှတစ်ခွင်ထူးကဲတဲ့ဖြစ်စဉ်ရှိခဲ့တဲ့နယ်မြေဒေသတစ်ခုအဖြစ် အလေးအနက်ထားရှုမြင်ပြီး ပြည်သူ့အစိုးရတစ်ရပ်အနေနဲ့ မဖြစ်မနေဆောင်ရွက်ပေးရမယ့် လုပ်ငန်းတစ်ရပ်ကဲ့သို့ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ပါရန် တင်ပြတိုက်တွန်းရင်း မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို ဖြည့်စွက်အလေးအနက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများ အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း ၁၃၅ မျိုးမှီတင်းနေထိုင်ကြပြီး ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုနဲ့ဖွဲ့စည်းတည်ထောင်ထားတာနဲ့အညီ ပြည်နယ်ဒေသတွေဟာ ဖွံ့ဖြိုးမှုနောက်ကျနေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ပြည်နယ်ဒေသတွေဖြစ်တဲ့ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်စတဲ့ပြည်နယ်တွေဟာ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်တွေဖြစ်ပါတယ်။ အဲဒီပြည်နယ်တွေရဲ့ အခြေခံ အဓိကလိုအပ်ချက်ကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ပဲဖြစ်ပါတယ်။ ဝေးလံခက်ခဲတဲ့ တိုင်းရင်းသားဒေသတွေအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့၊ စားနပ်ရိက္ခာဖူလုံစွာရရှိနိုင်ဖို့၊ တိုးတက်တဲ့ကျန်းမာရေးအခြေခံစောင့်ရှောက်မှုတွေရရှိခံစားနိုင်ဖို့၊ တိုင်းရင်းသားဒေသတွေအတွက် ကောင်းမွန်သော ပညာရေးစနစ်နဲ့ အခြေခံအဆောက်အဦတွေ ဖြည့်ဆည်းပေးနိုင်ကြဖို့ စတဲ့အရေးကြီးတဲ့အခြေခံ လိုအပ်ချက်တွေရဲ့ အဓိကကြောရိုးဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အဆင်ပြေဖို့ပဲဖြစ်တယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရမှာဖြစ်သလို နှစ်ပေါင်းမြောက်မြားစွာနောက်ကျ

ကျန်ခဲ့တဲ့ တိုင်းရင်းသားဒေသတွေမှာ သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြည်မဒေသတွေအတွက် ခက်ခဲမှုက နွားလှည်းလောက်တော့မောင်းလို့ရပါသေးတယ်။ တိုင်းရင်းသားဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကတော့ ချုံတိုးပြီးခြေလျင်လျှောက်ရတဲ့ဘဝက မလွတ်မြောက်နိုင်သေးတဲ့ဒေသတွေများစွာ ကျန်ရှိနေသေးတယ်ဆိုတာ ထည့်သွင်းစာနာစဉ်းစားပေးကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများအနေနဲ့ အခွင့်ထူးကိုခံစားဖို့ တောင်းခံတိုက်တွန်းနေတာမျိုးမဟုတ်ဘဲ လိုအပ်ချက်အပေါ် အခြေခံပြီး တောင်းခံတင်ပြရခြင်းသာဖြစ်ပါတယ်။ ငြိမ်းချမ်းဖို့ဆိုတာ အမိန့်ပေးစေခိုင်းလို့မရသလို ယူဆောင် သိမ်းပိုက်လို့လည်းမရပါဘူး။ တိုင်းရင်းသားဒေသတွေရဲ့ မရှိမဖြစ်လိုအင်ဆန္ဒတွေအပေါ်၊ လိုအပ်ချက် တွေအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပါမှ နိုင်ငံတော်အတွင်း တစ်ဦးပေါ်တစ်ဦး အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအင်ဆန္ဒပြည့်ဝခြင်းဟာ ငြိမ်းချမ်းခြင်းလို့ အဓိပ္ပာယ် ဖွင့်ဆိုမယ်ဆိုရင် ဝေးလံခက်ခဲတဲ့ တိုင်းရင်းသားဒေသတွေမှာ လိုအင်ဆန္ဒတွေများစွာရှိနေတယ်ဆိုတာ အားလုံးစာနာနားလည်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ တိုင်းရင်းသားဒေသတွေရဲ့လိုအင်ဆန္ဒတွေ ဖြည့်ဆည်းပေးခြင်းဟာ တိုင်းရင်းသားတွေရဲ့ငြိမ်းချမ်းခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းတယ်၊ မငြိမ်းချမ်းဘူး ဆိုတာ လိုအင်ဆန္ဒပြည့်ဝခြင်း၊ မပြည့်ဝခြင်းပေါ်မှာ များစွာတည်မှီနေတာငြင်းလို့ မရပါဘူး။ ဒါကြောင့် ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းရင်းသားတွေနေထိုင်တဲ့ ပြည်နယ်ဒေသတွေမှာ ကျေးရွာချင်းဆက်လမ်းတွေ ပိုမိုဖောက်လုပ်ပေးနိုင်ရေး နိုင်ငံတော်အနေနဲ့ ဦးစားပေးအစီအစဉ်တွေရေးဆွဲပြီး လက်တွေ့အကောင် အထည်ဖော်ပေးမှသာ နှစ်ပေါင်းမြောက်မြားစွာနောက်ကျနေတဲ့ တိုင်းရင်းသားဒေသတွေအတွက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးရင်း ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ပံ့ပိုးပေးရာ ရောက်မှာဖြစ်ပါတယ်။ တိုးတက်ဖြစ်ထွန်းနေတဲ့ ယနေ့ကမ္ဘာ့နိုင်ငံတွေ လကမ္ဘာနဲ့အင်္ဂါဂြိုဟ်ထိ စူးစမ်း လေ့လာနိုင်လောက်အောင် တိုးတက်နေချိန်မှာ ကျွန်တော်တို့ရဲ့တိုင်းရင်းသားဒေသတွေမှာတော့ လမ်းအူကြောင်းကိုတောင်မှ ဖြောင့်အောင်မရှာပေးနိုင်သေးတဲ့အဖြစ်မျိုးမှာ အလွန်အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။ တိုင်းရင်းသားဒေသတွေအတွက် ယနေ့အထိလိုအပ်ချက်ကတော့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့ရေးပဲဖြစ်ပါတယ်။ အဆိုရှင်တင်ပြချက်အတိုင်း လမ်းပန်း ဆက်သွယ်ရေးအခြေခံကောင်းမွန်ပါမှ အခြားသောကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင် နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးတန်းတူညီမျှဖွံ့ဖြိုးဖို့ဆောင်ရွက်ရာမှာ ဖြစ်သလိုနောက်ကျကျန်ရစ်

ခဲ့တဲ့ တိုင်းရင်းသားဒေသတွေအတွက် သာတူညီမျှဖြစ်ရေး ခံခုပေးမယ့်အစီအမံတွေကိုလည်းပဲ နိုင်ငံတော်အစိုးရအနေနဲ့ အလေးထားဆောင်ရွက်ပေးဖို့အချိန်တန်ပါပြီ။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့တိုင်းရင်းသားဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကို ဖြည့်ဆည်းပေးခြင်းအားဖြင့် ဒေသတွင်းအဆင့်ကနေ နိုင်ငံတော်အဆင့်ထိ အကျိုးပြုပေးနိုင်မယ့် အခြေပြုဇယားပဲဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့တိုင်းရင်းသားဒေသ တွေမှာရှိတဲ့၊ ချင်းပြည်နယ်မှာရှိတဲ့ လမ်း၊ တံတားလိုအပ်ချက်အခြေခံတွေဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၂၀၁၈-၂၀၃၀) ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပထမဦးစားပေးအဆင့်အနေနဲ့ အလေးထားဆောင်ရွက်ပေးနိုင်မယ့်အစီအမံများနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျကျန်ရစ်ခဲ့တဲ့မြို့နယ်များ၊ ဌာနေတိုင်းရင်းသားလူထုတစ်ရပ်လုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက် လာစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးနိုင်မယ့် ရည်ရွယ်ချက်နဲ့ တိုက်တွန်းထားတဲ့အဆိုဖြစ်တဲ့အတွက် ဝေးလံခက်ခဲပြီးဖွံ့ဖြိုးမှုနောက်ကျတဲ့ တိုင်းရင်းသားဒေသတွေမှာနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ရဲ့ လိုအင်ဆန္ဒကို နားလည်ထောက်ထားပြီး ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ရေး မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာ ဖြစ်ပါတယ်။ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၃၀၀၀ ကျော်တည်ရှိပြီး ၇၀ ရာခိုင်နှုန်းဟာကျေးလက်နေပြည်သူလူထုများ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ကျေးလက်နှင့်မြို့ပြ လူဦးရေကွာဟချက်ကြီးမားသည့်ကိစ္စမှာ နိုင်ငံအသီးသီးတွင် အတူတူပင်

ဖြစ်ပါတယ်။ လူနေထူထပ်တဲ့မြို့ပြတွေမှာ အုပ်ချုပ်သူနဲ့အုပ်ချုပ်သူ၏ နား၊ မျက်စိနှင့်နီးစပ်၍ လိုအပ်ချက်များကို လျင်မြန်စွာဖြေရှင်းနိုင်ပေမဲ့ ကျေးလက်ဒေသလိုအပ်ချက်များမှာ အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ ပြည်နယ်များတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းစစ်၏ မငြိမ်းချမ်းမှုများနှင့်အတူ နီးရာဓားကိုကြောက်နေရသည်မှာ ယနေ့တိုင်ဖြစ်ပြီး ကျေးလက်နေပြည်သူတို့၏ဘဝမှာ များစွာနိမ့်ကျလျက်ရှိပါသည်။ ကျေးလက်နေ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးပင် ဖြစ်ပေသည်။ လမ်းတံတားတွေကောင်းမွန်ပါမှ ကုန်စည်စီးဆင်းမှုကို မနှောင့်နှေးစေဘဲ ကုန်ကျစရိတ်သက်သာစွာနဲ့ အလေအလွင့်နည်းပါးစွာ စီးဆင်းစေမှာပါ။ ကျန်းမာရေးကဏ္ဍမှာလည်း နိုင်ငံတော်အစိုးရမှ လိုအပ်သည့်ဆေးခန်းများကို ပြည့်စုံစွာတည်ဆောက်ပေးနိုင်မည်မဟုတ်သေးပေ။

မီးနေသည်များ၊ မွေးကင်းစကလေးများ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်ပါက လမ်းခရီးအခက်အခဲကြောင့် မြို့နယ်ပြည်သူ့ဆေးရုံများသို့ အချိန်မီသွားရောက်နိုင်မှာမဟုတ်ပေ။ ထို့ကြောင့် မမွေးဖွားမီငါးလနှင့် မွေးဖွားပြီးတစ်လအတွင်း သေဆုံးမှုများမြင့်မားစေပါတယ်။ ပညာရေးနှင့်ပတ်သက်၍လည်း နယ်မြေငြိမ်းချမ်းမှုမရှိခြင်း၊ နေ့ချင်းပြန်သွားရန် မိုးတွင်းကာလတွင် ခက်ခဲခြင်းကြောင့် တောင်ပေါ်ဒေသတွင် မိမိတို့၏ရင်သွေးများကို မိမိတို့၏ နား၊ မျက်စိအုပ်ထိန်းမှုအောက်တွင် မထားနိုင်ဘဲ မြို့ပေါ်ရှိဘော်ဒါဆောင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ သွားရောက်အပ်နှံရသည့်အတွက် ငွေကုန်ကြေးကျများခြင်း၊ အချိန်ကုန်ခြင်း၊ မလိုလားအပ်သော လူမှုရေးပြဿနာများစွာဖြစ်ပေါ်စေပါတယ်။ အဆိုးရွားဆုံးကတော့ ကလေးတွေ အသိဉာဏ်ဖွံ့ဖြိုးကာစမှာ တစ်ပါးသူ၏ အယူအဆအတွေးအခေါ် ဘာသာရေး စသည်တို့မှာ နီးစပ်ရာအသိုင်းအဝိုင်း၏ လွှမ်းမိုးမှုကို ခံရမည်အမှန်ဖြစ်သည်။ မိဘနှင့်သားသမီးကြားမေတ္တာတရားကိုလည်း အပြည့်အဝဖော်ကျူးနိုင်မည်မဟုတ်ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကြီးမားခြင်းက မိမိတို့သွားလိုသော ဖက်ဒရယ်ပြည်ထောင်စု ၂၁ ရာစုပင်လုံညီလာခံတို့ကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာပါ။ မိမိတို့မြို့နယ်အတွင်း လူဦးရေ ၅၀၀၀၀ ကျော်နေထိုင်ပြီး မြို့ပေါ်တွင် ၈၀၀၀ ကျော်နှင့်ကျေးရွာတွင် ၄၀၀၀၀ ကျော်ရှိသဖြင့် ကျေးလက်လူနေမှုများပြားခြင်းကို သိရှိမှာပါ။ မြန်မာနိုင်ငံဟာ ကျေးလက်လမ်းပေါင်း ၆၉၀၀၀ ခန့်ရှိပြီး ကတ္တရာလမ်းက ခြောက်ရာခိုင်နှုန်း ကွန်ကရစ်လမ်းက ၁၅ ရာခိုင်နှုန်း ကျန် ၈၀ ရာခိုင်နှုန်းက မြေသားလမ်းများဖြစ်ကာ နွေရာသီတွင် သွားလာရလွယ်ကူပြီး မိုးရာသီမှာတော့ အဆင်ပြေသလို သွားလာနေရပါတယ်။ နိုင်ငံတော်အစိုးရက ချမှတ်ထားသော

ကျေးလက်လမ်းမဟာဗျူဟာစီမံကိန်းဖြစ်တဲ့ သက္ကရာဇ် ၂၀၃၀ ခုနှစ်မှာ ကျေးလက်လမ်းများအားလုံး ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် ပြည့်မီပါ့မလားလို့ စိုးရိမ်မိပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် ဆက်သွယ်မှုအဆင့်များအပေါ် မတူညီသော ရန်ပုံငွေခွဲဝေမှု များရှိနေသဖြင့် ဆက်သွယ်သွားလာမှုနိမ့်ကျပြီး ရင်းနှီးမြှုပ်နှံမှုအားနည်းသော ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ပိုမိုရင်းနှီးမြှုပ်နှံပေးစေလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဖြတ်လေး ဖြတ်ဒဏ်ခံစားခဲ့ရသော ပြည်နယ်များရှိကျေးရွာများကို ဦးစားပေးကာ အဆိုရှင်၏ လမ်းပန်း ဆက်သွယ်မှုနည်းပါးသည့် တိုင်းရင်းသားများနေထိုင်သော ပြည်နယ်များတွင် ကျေးရွာချင်းဆက် လမ်းများကို အလေးထားဆောင်ရွက်ပေးဖို့ နိုင်ငံတော်အစိုးရအား အလေးအနက်တိုက်တွန်းရင်း အဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်။ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးတဲ့မြို့နယ်တွေအပါအဝင် တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်တွေမှာ ကျေးရွာချင်းဆက်လမ်းတွေကို အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင် ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဆိုရှင်က အဆိုကို တင်သွင်းရာမှာ ကျေးလက်နေပြည်သူတွေ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတာကြောင့် ကျေးလက်နေပြည်သူ တွေရဲ့ လူမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံမှာရှိတဲ့ ကျေးလက်လူဦး ရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်တဲ့ကျေးလက်လမ်းတွေ အသုံးပြုနိုင်ဖို့ဆိုတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မဟာဗျူဟာရည်မှန်းချက်အောင်မြင်စေရေး အထောက်အပံ့ရရှိစေဖို့ ရည်ရွယ်တာလည်း ပါပါတယ်။ အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ကနေ ပူးပေါင်းရေးဆွဲပြီး ဆောက်လုပ် ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ကလည်း ပါဝင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မဟာဗျူဟာရည်မှန်းချက်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကျေးရွာတွေ ရာသီမရွေး

သွားလာနိုင်မှုကို ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ အဲဒီဦးတည်ချက်ကို အထောက်အကူပြုစေဖို့အတွက် လာမည့် ၂၀၃၀ ခုနှစ်အထိ စုစုပေါင်း ၁၅ နှစ် နှစ်ရှည်ကာလမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့ ကျေးရွာတွေရဲ့ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဆက်သွယ်ရေး ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေလူဦးရေ ၁၀ သန်းကို ထပ်ဆောင်းအကျိုးပြုစေမှာ ဖြစ်ပါတယ်။

မဟာဗျူဟာအနေနဲ့ မြန်မာနိုင်ငံအတွင်းရှိ ရာသီမရွေးသွားလာနိုင်ခြင်းမရှိသေးတဲ့ ကျေးလက်လမ်းတွေကိုဆောင်ရွက်ဖို့ဖြစ်ပြီး ကျေးလက်နေပြည်သူတွေရဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ၊ ပညာရေး အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဈေးနှင့်အခြားဝန်ဆောင်မှုတွေ၊ နိုင်ငံအဝန်းဖွံ့ဖြိုးရေးကန့်သတ်မှုတွေအပေါ် သက်ရောက်စေမှာ ဖြစ်ပါတယ်။ ၂၀၃၀ ခုနှစ်မှာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals-SDG) များအောင်မြင်မှုကို အထောက်အပံ့ရစေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် SDG Goals တို့ရဲ့ပန်းတိုင်(၁) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပန်းတိုင်(၂) ငတ်မွတ်ခေါင်းပါးမှုလျှော့ချရေး၊ ပန်းတိုင်(၃) တိုးတက်သောကျန်းမာရေး၊ ပန်းတိုင်(၄) တိုးတက်ကောင်းမွန်သောပညာရေး၊ ပန်းတိုင်(၈) အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်မှု၊ ပန်းတိုင်(၉) ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံတွေဆောက်လုပ်ခြင်းနှင့် ပန်းတိုင်(၁၀) မညီမျှမှုတွေကို လျှော့ချပေးရေးစတာတွေနဲ့ ပိုမိုဆက်စပ်နေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းများဖွံ့ဖြိုးရေးမဟာဗျူဟာမှာ ကျေးလက်လမ်းတွေရဲ့ အရေးပါမှုကို ကျေးလက်လမ်းနှင့်တံတားတွေက ကျေးလက်နေပြည်သူတွေကို ဝန်ဆောင်မှုနှင့် အဆောက်အဦများထံရောက်ရှိစေပြီး သူတို့ရဲ့စားဝတ်နေရေးကို တိုးတက်ဖွံ့ဖြိုးစေရုံသာမက အမျိုးသားစီးပွားရေးကဏ္ဍမှာလည်း ပါဝင်ခွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ သင့်တင့်တဲ့ ကျေးလက်လမ်းတွေမရှိရင် ကျေးလက်နေပြည်သူတွေအနေနဲ့ သူတို့ရဲ့ဘဝကိုမြှင့်တင်ဖို့ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍမှာလည်း တစ်ဖက်တစ်လမ်းပါဝင်နိုင်ဖို့ လိုအပ်တဲ့ဝန်ဆောင်မှုတွေ၊ ပစ္စည်းပစ္စယတွေကို ဆက်သွယ်ရယူနိုင်တော့မှာ မဟုတ်ပါ။ တိုးတက်ကောင်းမွန်တဲ့ကျေးလက်လမ်းတွေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေဖို့နှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု၊ နိုင်ငံအတွင်းမညီမျှမှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အဓိကကျနေပါတယ်ဆိုတာကို ဖော်ပြထားပါတယ်။ အဆိုရှင်ကလည်း လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းရဲ့ ဆိုးကျိုးတွေကို ဖော်ပြသွားရာမှာ လမ်းမကောင်းတဲ့အတွက် အချိန်ကုန်တယ်။ လုပင်ပန်းတယ်။ ကုန်ဈေးနှုန်းကြီးမြင့်တယ်။ လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းတွေဆုံးရှုံးတယ်။ ပညာရေးအခွင့်အလမ်းတွေနည်းပါးတယ်။ ပညာရေးနိမ့်ကျမှုတွေ

ဖြစ်ပေါ်တယ်။ ဒေသထွက်ကုန်တွေ ဈေးကွက်ထဲကိုအချိန်မီ မတင်ပို့နိုင်ဘူး။ ထုတ်ကုန်တန်ဖိုးကျဆင်းခြင်းနဲ့ မိသားစုဝင်ငွေနည်းပါးခြင်းတွေ၊ နိုင်ငံတော်ကချပေးတဲ့ဘဏ္ဍာငွေတွေကို အပြည့်အဝမသုံးစွဲနိုင်တာ၊ ချပေးတဲ့ဘဏ္ဍာငွေတွေပြန်လည်အပ်နှံရတာ၊ အချင်းချင်းကူးလူးဆက်ဆံနိုင်မှုနည်းပါးတာ၊ အချင်းချင်းယုံကြည်မှု နည်းပါးနိမ့်ကျလာတာစတဲ့ ဆိုးကျိုးတွေကို တင်ပြသွားပါတယ်။ အထူးသဖြင့် ပြည်နယ်တွေရဲ့လိုအပ်ချက်ကို တင်ပြရာမှာ အချို့မြို့တွေရဲ့လမ်းတွေဆိုးတယ်ဆိုတာ သွားလာလှုပ်ရှားလို့ရပါသေးတယ်။ တိုင်းရင်းသားတွေရဲ့ လမ်းတွေမကောင်းဘူးဆိုတာကတော့ မရှိတဲ့လမ်းကို ရှာဖွေပြီး တကယ့်ကို သက်စွန့်ဆံဖျားသွားလာနေရပါတယ်ဆိုတာကို ဓာတ်ပုံတွင် Slide တွေနဲ့တကွ တင်ပြသွားတာဟာ ပြည်နယ်တိုင်းမှာရှိတဲ့ ပကတိအရှိ အမှန်တရားကို ဖော်ပြသွားတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ဆွေးနွေးလိုတာကတော့ ပြည်နယ်နှင့် ကျေးလက်နေပြည်သူများရဲ့ လိုအပ်ချက်က ပိုမိုလိုအပ်နေတာအမှန်တရားပဲဖြစ်ပါတယ်။ တောင်ပေါ်ဒေသဆိုတာ မြေပြန့်ဒေသထက် သွားရလာရတာ ပိုမိုခက်ခဲပါတယ်။ လက်ရှိအခြေအနေမှာ တောင်ပေါ်ဒေသရဲ့ လမ်းလိုအပ်ချက်က မြေပြန့်နေပြည်သူတွေရဲ့ လမ်းလိုအပ်ချက်ထက် ပိုမိုများပြားနေပါတယ်။ ပြည်နယ်နေ ကျေးလက်ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြည့်ဆည်းပေးဖို့ အမှန်တကယ်လည်း လိုအပ်နေပါတယ်။ ပြည်နယ်နေ ကျေးလက်နေပြည်သူတွေရဲ့ လက်ရှိပညာရေး၊ ကျန်းမာရေးအခြေအနေတွေဟာ လိုအပ်ချက်တွေများပြားနေပြီး အဲဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ဆိုရာမှာ ကျေးလက်လမ်းတွေ၊ တံတားတွေ ဖောက်လုပ်ပေးနိုင်ဖို့က အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးတဲ့ မြို့နယ်တွေအပါအဝင် တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်တွေမှာ ကျေးရွာချင်းဆက်လမ်းတွေကို အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းအောင်မှ တင်သွင်းထားသော လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက် လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးကနေပြီးတော့ ထောက်ခံဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဒီခုနစ်ဦးဆွေးနွေးသွားတဲ့အချက်တွေကို ကျွန်တော် တို့ ချုံပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြရရင် ပထမအချက်က ပြည်နယ်တွေမှာ လမ်းပန်း ဆက်သွယ်မှုခက်ခဲမှုတွေကို သူတို့တင်ပြကြပါတယ်။ အဲဒီလမ်းပန်းဆက်သွယ်မှုခက်ခဲမှုကြောင့် နောက်ဆက်တွဲအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ နိမ့်ကျနေတာ ဒါတွေဆက်စပ်မှုရှိနေတာကို သူတို့ရှင်းလင်းတင်ပြသွားတာ တွေ့ရပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ကတော့ ပြည်နယ်တွေကို ရန်ပုံငွေပိုမိုချထားပေးဖို့ လမ်း၊တံတားလုပ်ငန်း တွေကို ပိုမိုပြီးတော့ တိုးမြှင့်ချထားပေးဖို့ ဒီလိုမျိုးတင်ပြလာကြပါတယ်ခင်ဗျား။ တတိယအချက်အနေနဲ့ ကတော့ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု ကြောင့် အဓိကဖြစ်ကြောင်းနဲ့ အဆိုပါလမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့်ပင်လျှင် အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍကိုပါ သွားပြီးတော့ ထိခိုက်မှုရှိနေကြောင်း ကိုယ်စားလှယ်ခုနစ်ဦးကနေပြီး တော့ ထောက်ပြလာကြတာတွေ့ရပါတယ်။ အဲဒီအထဲမှာ ကိုယ်စားလှယ်နှစ်ဦးကတော့ မေးခွန်းပါ တွဲလျက် မေးလာတာဖြစ်တဲ့အတွက် တစ်ပါတည်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြရရင် ကျွန်းလှ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်းမှ ကျွန်းလှနှင့်ပတ်သက်တဲ့ကိစ္စလေးတွေ မေးလာတာရှိပါတယ်။ ကျွန်းလှမြို့သည် ရွှေဘို-မြစ်ကြီးနားလမ်းကနေသွားမယ်ဆိုလို့ရှိရင် မှန်ပါတယ်။ ကျွန်းလှမြို့သည် သဖန်းဆိပ်ဆည်ကြီး ဆောက်လိုက်ရတဲ့အတွက် မြို့လုံးဝအသစ်တည်လိုက်ရတဲ့ မြို့ဖြစ်တဲ့အတွက် ကျွန်းလှမြို့အတွက်က အများကြီးအခက်အခဲတွေ ရှိခဲ့တဲ့မြို့ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်းလှမြို့ကို ဦးစားပေးစာရင်းထဲမှာ ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဦးစားပေး။ ကျွန်းလှမြို့ကို ဝင်လာတဲ့လမ်းကြောင်းက ပထမဦးဆုံး ရွှေဘို-မြစ်ကြီးနားလမ်းပေါ်မှာရှိတဲ့ စံပယ်နဲ့သာ ဆိုတဲ့ရွာလေးကနေ ကန့်ဘလူကို ၁၆ မိုင်ရှိပါတယ်။ အဲဒီ ကန့်ဘလူကနေပြီးတော့မှ လိပ်တူရွာလေးကို

ဖြတ်ပြီးတော့ ကျွန်းလှကိုရှစ်မိုင်ရှိပါတယ်။ အဲဒီ ၁၆ မိုင်နဲ့ ၈ မိုင် စုစုပေါင်း ၂၄ မိုင်ကို ကျွန်းလှမြို့သား တွေက နှစ်လမ်းသွားကတ္တရာလမ်းအဆင့် အဲဒီလမ်းပေါ်မှာရှိတဲ့ တံတားတွေကို ကွန်ကရစ်တံတား အဆင့် လိုချင်တာဖြစ်တဲ့အတွက် ဒီနေ့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ စံပယ်နဲ့သာနဲ့ ကန့်ဘလူကြား အားလုံး နှစ်လမ်းသွားကတ္တရာလမ်းနှင့် တံတားအားလုံးလည်း ကွန်ကရစ်တံတားလမ်းအဆင့်မြှင့်ပြီး ဖြစ်ပါတယ်။

နောက်ကန့်ဘလူကနေ ကျွန်းလှကိုလည်းပဲ လမ်းအားလုံးကတ္တရာလမ်းအဆင့်မြှင့်ပြီးဖြစ်သလို တံတားတွေအားလုံးကိုလည်းပဲ Box Culvert တွေရော၊ ကွန်ကရစ်တံတားအဆင့်မြှင့်ပြီး ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဒီကန့်ဘလူမြို့ကနေပြီးတော့မှ သူ့မြို့ထဲကို ကျွန်းလှကသွားတဲ့ ကုန်ကားကြီးတွေ မဝင်ရ အောင်လို့ တားထားတဲ့ မောင်းတံကြီးရှိပါတယ်။ အဲဒီမောင်းတံကြီးကိုလည်း ကျွန်တော်တို့ ဖြတ်လိုက် ပါတယ်။ အဲဒီအပြင် အဲဒီလိုမျိုး မြို့နှစ်မြို့ Conflict ဖြစ်နေမှာစိုးတဲ့အတွက် ကန့်ဘလူမြို့ရှောင်လမ်း ကိုလည်း အခုဖောက်ပြီးဖြစ်ပါတယ်။ ကတ္တရာလမ်းခင်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်းလှမြို့သား တွေအနေနဲ့ ကန့်ဘလူမြို့ကိုရှောင်ပြီးတော့ ရှောင်ကွင်းလမ်းကနေ တိုက်ရိုက်သွားလို့ရပါတယ်။ အဲဒီ နေရာမှာ တစ်ချက်ပဲရှိတာ ကျွန်တော်တို့ လိတ္တူရွာထဲက တံတောင်ဆစ်ချိုးကြီးကိုတော့ ကျွန်တော်တို့ ပြန်ဖြေပါ့မယ်။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားပါမယ်။ နောက်ကျွန်းလှမြို့သူမြို့သားတွေ လိုလားနေတဲ့ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းဆိုတာရှိပါတယ်။ လမ်းကဒီလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပြီး တစ်နှစ်ချင်းအဆင့်မြှင့်တင်နေတာ ယခုဆိုလို့ရှိရင်တော့ ဒီလမ်းသည် ရာသီမရွေး သွားလာတဲ့လမ်းအပြင်ကို တချို့အပိုင်းတွေမှာ ကတ္တရာလမ်း၊ တချို့အပိုင်းတွေမှာ ကွန်ကရစ်လမ်း အဆင့်မြှင့်ထားပြီးတော့ တချို့တံတားတွေဟာဆိုရင် ကွန်ကရစ်တံတားစသည်ဖြင့် ကျွန်တော်တို့ အဆင့်မြှင့်တင်ထားပြီးဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော့်အနေနဲ့ ကျွန်းလှကနေပြီးတော့ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ကို ဇင်းရွာအထိတိုက်ရိုက်ဆက်သွယ်နိုင်မည့် လမ်းသစ်တစ်လမ်းကိုလည်း ဖောက်လုပ်သွားဖို့ Master Plan ရှိပါတယ်။

နောက် ဘုတ်ပြင်းမဲဆန္ဒနယ်က ဦးနေလင်းထွန်းမေးမြန်းထားတဲ့ ကိစ္စမှာတော့ ပင်လယ်ကျေးရွာ တွေရဲ့ ဆိပ်ခံတံတားကိစ္စ။ ဒါကို ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းစာပို့ပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်။ နောက်တစ်ခုကတော့ ပင်လယ်ကမ်းခြေရွာတွေရဲ့ ရွာတွင်းတံတားတွေနှင့် ရွာတွင်းလမ်း ကိစ္စတွေကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ အကြောင်းကြားစာပေးပို့ သွားပါမယ်။ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားပါမယ်။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ ဒီအဆိုကို ရှင်းလင်းတင်ပြဖို့အတွက် Power Point ဖြင့် ရှင်းလင်းခွင့်ပြု ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ ကျေးလက်လမ်း/တံတားများနှင့် ပြည်ထောင်စုလမ်းမကြီးများကို ချိတ်ဆက်၍ ကျေးလက်လယ်ယာထွက်ကုန်များ ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာရောက်ရှိပြီးတော့ နိုင်ငံ့ GDP တိုးတက်ရေးကို အထောက်အကူပြုနိုင်ဖို့နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်များချမှတ်ပြီးတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရှိ ကျေးလက်နေလူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၆၇ ရာခိုင်နှုန်း ကျော်ရှိတဲ့အတွက် နိုင်ငံရဲ့ဆင်းရဲမှုရာခိုင်နှုန်းကလည်း ၂၅ ရာခိုင်နှုန်းအထိရှိနေတဲ့အတွက် လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျေးလက်လမ်း/တံတားများကို အဆင့်မီဆောင်ရွက်ပေးနိုင်ဖို့ အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရဲ့ အမျိုးသားအဆင့်ကျေးလက်လမ်း/တံတားများ ဖွံ့ဖြိုး တိုးတက်ရေးမဟာဗျူဟာအပေါ်မှာ ထပ်ဆောင်းပြီးတော့ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရှိ ကျေးရွာ တွေအားလုံး ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အသုံးပြုနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်းကို ၆-၃-၂၀၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့၌ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းတင်သွင်းခဲ့တဲ့အဆိုကို ကျွန်တော့်အနေနဲ့ Power Point များနှင့် အသေးစိတ်ရှင်းလင်းတင်ပြပြီးတော့ ထောက်ခံဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအစိုးရလက်ထက် ပြည်နယ်များမှာ ဖွံ့ဖြိုးတိုးတက်စေရေးဦးစားပေးဆောင်ရွက်ရန် ညွှန်ကြားချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရန်စီမံချက်များချမှတ် ဆောင်ရွက်ခဲ့တဲ့အတွက် ပြည်နယ်များမှာ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုများစွာကို မြင်တွေ့ နေရပြီဖြစ်ပါတယ်။ ဥပမာအားဖြင့် ကချင်ပြည်နယ်မှာဆိုရင် ကမ္ဘာကျော်ဗွက်တန်းကြီးတွေနဲ့ ခက်ခဲစွာ သွားလာနေရတဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကြီးကို ယခုအစိုးရသစ်လက်ထက်မှာ စီမံချက်များချမှတ်ပြီးတော့ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တဲ့ အတွက် အချိန်တိုအတွင်းမှာ အဆင့်မြင့်သွားလာနိုင်ပြီဖြစ်ပါတယ်။ နေ့ချင်းပေါက်ခရီးရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ပူတာအိုမှနောင်မွန်း-ပန်နန်းဒင်အထိ ယခင်က ၄ ညအိပ် ၅ ညအိပ် ဒီလိုသွားရ

တဲ့ခရီးတွေဖြစ်ပေမဲ့ ယခုဆိုလို့ရှိရင်တော့ ပူတာအိုကနေ နောင်မွန်းထိ မော်တော်ယာဉ်ဖြင့် သုံးနာရီခွဲ လောက်နေ့ချင်းပြန်သွားနိုင်တဲ့အဆင့်အထိ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နောင်မွန်းမှသည် ကော့သောင်းဆီသို့ဆိုတဲ့ Documentary ကို ရိုက်ကူးပြီးတော့ မြန်မာ့အသံကနေ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး များလည်း ကြည့်ရှုပြီးဖြစ်မယ်လို့ ထင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရသက်တမ်း သုံးနှစ်အတွင်းမှာ ကရင်ပြည်နယ်တွင် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားနှင့် မွန်ပြည်နယ်တွင် ဗိုလ်ချုပ်အောင်ဆန်း တံတာတို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးတော့ လမ်းသစ်များလည်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ JICA နှင့် ADB တို့အစီအစဉ်ဖြင့် ဆောင်ရွက်မည့်စီမံကိန်းများအပြင် နောင်တွင်ဖြစ်ပေါ်လာမည့် စီမံကိန်းများအဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ ကယား ပြည်နယ်မှာလည်း မယ်စဲ့မှ BP(13) အထိ ကတ္တရာလမ်းဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်နယ် အတွင်းရှိ မြို့များအားလုံးကို (၂၄)နာရီအတွင်း မော်တော်ယာဉ်ဖြင့် သွားလာနိုင်သည့်အခြေအနေထိ ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာလည်း ယခင်ကရှမ်းပြည်နယ်(တောင်ပိုင်း)မှ (မြောက်ပိုင်း)သို့ သွားလာတဲ့ နေရာမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိတဲ့အတွက် အဲဒီအခြေအနေကနေပြီးတော့ အခု ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်မြောက်ပိုင်းကို ဆက်သွယ်တဲ့လမ်းမကြီးလေးလမ်းကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့တဲ့အတွက် အချိန်တိုအတွင်းမှာ ယခုဆိုရင်တော့ ဥဒဟိုသွားလာနိုင်ပြီဖြစ်တဲ့အပြင် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျတဲ့ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးကိုလည်း အကျယ် ၄၈ ပေ၊ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ဂုတ်တွင်း တံတားအသစ်၊ ကွမ်လုံတံတားအသစ်ကဲ့သို့ နောက်လာမည့်စီမံကိန်းများစွာလည်း ဆောင်ရွက်ပေးသွား ဖို့ရှိနေတာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ယခုအစိုးရသက်တမ်းသုံးနှစ်တာကာလအတွင်းမှာ စစ်တွေ-ဘူးသီးတောင်-ရသေ့တောင်-မောင်တောလမ်းမကြီးကို ဖောက်လုပ်ပြီး ၎င်းလမ်းပေါ်မှာရှိတဲ့ တံတား ကြီးငါးစင်းကိုလည်း ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာမှုကို ပြည်သူများသိရှိနိုင်ဖို့ ရည်ရွယ်ပြီးတော့

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး နီးလျက်နှင့်ဝေးခဲ့ရသောဆိုတဲ့ Documentary လေးကို ကျွန်တော်တို့ MRTV မှာရိုက်ကူးထုတ်လွှင့်ပြသခဲ့ပြီးဖြစ်ပါတယ်။

ချင်းပြည်နယ်မှာတော့ ယခုအစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်းမှာ လမ်း၊ တံတား ကဏ္ဍမှာ မကြုံစဖူးအထူးတိုးတက်လာတာကို တွေ့ရမှာဖြစ်ပြီးတော့ ယခင်ကချင်းပြည်နယ်တောင်ပိုင်းမှ မြောက်ပိုင်းကို သွားလာနိုင်ဖို့အတွက် မကွေးတိုင်းဒေသကြီးကတစ်ဆင့် ဖြတ်ပြီးသွားလာရတဲ့ အခြေအနေကနေ အခုအချိန်မှာတော့ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ရာသီမရွေးဖြတ်သန်းသွားလာနိုင်ပြီဖြစ်သလို ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ ဟားခါး-ရိဒ်လမ်း၊ ပလက်ဝ-မတူပီ လမ်းတွေကလည်း များစွာတိုးတက်လာခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် တွန်းဇံ-ကျီခါးမှ ရွာပေါင်း ၂၅ ရွာကို ဖြတ်ပြီးတော့ အိန္ဒိယနယ်စပ်ထိရောက်ရှိမည့် ဇမ်ပီး-ဟိုက်ကျင်းကျေးလက်လမ်း၊ ဟားခါးမှ မှန်တော-ကလေးသို့ဆက်သွယ်မယ့် ကျေးလက်လမ်းတွေဟာ လမ်းသစ်များအဖြစ် စတင်ဆောင်ရွက်မည့်လမ်း ဖြစ်ပြီးတော့ ဆက်လက်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားစီမံကိန်းများစွာလည်း ရှိနေသေးတာ ဖြစ်ပါတယ်။ နာဂဒေသနှင့်ပတ်သက်ပြီးတင်ပြရမယ်ဆိုရင် ယခင်က လေရှီး-လဟယ်-နန်းယွန်းလမ်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲလာပြီးတော့ မိုးတွင်းမှာ အဆက်အသွယ်ပြတ်တောက်နေခဲ့တဲ့ အတွက် ယခုအချိန်မှာတော့ လမ်းပန်းဆက်သွယ်ရေးအတွက် အဆင်ပြေစွာသွားလာနိုင်မည် ဖြစ်ပါတယ်။ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခန္တီးတံတားနဲ့ ဟုမ္မလင်းတံတားနှစ်စင်းကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးတော့ ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီး-နန်းယွန်းလမ်း၊ တမံသီ-လေရှီးလမ်း တွေဟာ တိုးတက်ကောင်းမွန်လာခဲ့တာကို ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပဲဖြစ်ပါတယ်။ ဆက်လက်ပြီးတင်ပြရမယ်ဆိုရင်တော့ ထမံသီ-ပင်းမတံတားကြီးကိုလည်း နိုင်ငံတော်အစိုးရက တည်ဆောက်ပေးသွားမှာဖြစ်တဲ့အတွက် နာဂဒေသဟာ ဆက်လက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်လာဖို့ ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်စေရေး ဦးစားပေးဆောင်ရွက်ရန်စီမံချက်နှင့် အညီ စီမံကိန်းများချမှတ်ရည်မှန်းချက်ထား အကောင်အထည်ဖော်တဲ့နေရာမှာ နှစ်စဉ်ခွဲဝေရရှိတဲ့ ရန်ပုံငွေပမာဏဖြင့် စနစ်တကျစီမံနေခြင်းဖြစ်ပြီးတော့ ခွဲဝေရရှိတဲ့ရန်ပုံငွေများကို ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော ပြည်နယ်များမှာ ပိုမိုခွဲဝေလျာထားလျက်ရှိတာကို တင်ပြလိုပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်တွေမှာနေထိုင်တဲ့ လူဦးရေအားဖြင့်တွက်ချက်ကြည့်မယ်ဆိုရင် ပြည်နယ်တွေရဲ့ကျေးလက်

ဒေသတွေမှာနေထိုင်တဲ့ လူဦးရေသည် တစ်နိုင်ငံလုံးရဲ့ကျေးလက်တွေမှာနေထိုင်တဲ့ လူဦးရေရဲ့ ၂၉ ရာခိုင်နှုန်းပဲရှိသော်လည်းပဲ ရန်ပုံငွေအနေအထားကတော့ ပိုမိုခွဲဝေချထားခြင်းခံရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် ချင်းပြည်နယ်ရဲ့ ကျေးလက်ဒေသမှာနေတဲ့လူဦးရေသည် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်နေလူဦးရေစုစုပေါင်းရဲ့ ၁.၇၁ ရာခိုင်နှုန်းသာရှိသော်လည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များမှာ ပြည်ထောင်စု ရန်ပုံငွေရဲ့ ၇.၃၂ ရာခိုင်နှုန်းကျော်၊ ခုနစ်ဆကျော်အထိ ခွဲဝေဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ပြည်နယ်များကို ကြည့်မယ်ဆိုရင်လည်း ပြည်နယ်အားလုံးမှာ လူဦးရေအချိုးအစားထက် ရန်ပုံငွေခွဲဝေချထားပေးတဲ့အချိုးအစားသည် အဆပေါင်းများစွာ ခွဲဝေပေးခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်နယ်များကို ဦးစားပေးအလေးထားစဉ်းစားဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အခြားဦးစီးဌာနတစ်ခုဖြစ်တဲ့ လမ်းဦးစီးဌာနရဲ့ပြည်ထောင်စုဘတ်ဂျက်ကိုကြည့်မယ်ဆိုရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွင်းသုံးတဲ့ဘတ်ဂျက်စုစုပေါင်းရာခိုင်နှုန်းရဲ့ ၅၁ ရာခိုင်နှုန်းကို ပြည်နယ်မှာ သုံးခဲ့တာဖြစ်ပါတယ်။ ၄၉ ရာခိုင်နှုန်းကိုသာလျှင် တိုင်းဒေသကြီးများအတွက် အသုံးပြုခဲ့တာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဝေးလံခက်ခဲပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ဒေသတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဆောင်ရွက်မှုတွေကို ကြည့်မယ်ဆိုရင်လည်းပဲ ၁၉၈၈-၁၉၈၉ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကာလအတွင်းမှာသုံးစွဲခဲ့တဲ့ ရန်ပုံငွေစုစုပေါင်းရဲ့ ၇၆ ရာခိုင်နှုန်းသည် နယ်စပ်ဒေသနှင့် ပြည်နယ်များရဲ့ကျေးလက်လမ်း၊ တံတားများကဏ္ဍအတွက် သုံးစွဲခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ GDP ကို ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆၆.၅ ဘီလီယံကနေပြီးတော့ ၂၀၂၃ ခုနှစ်မှာ ၁၀၉.၇ ဘီလီယံအထိတိုးတက်လာဖို့ ကုန်သွယ်ရေးလမ်းကြောင်းများကို ဦးစားပေးဆောင်ရွက်သွားရမှာဖြစ်လို့ လက်ရှိသွားလာနေတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်သလို ပြည်နယ်အသီးသီးမှာရှိနေတဲ့ အသစ်ထပ်မံတိုးချဲ့ဖောက်လုပ်ရန် ဖြစ်နိုင်ဖွယ်ရာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Master Plan များရေးဆွဲချမှတ်ထားရှိပြီးဖြစ်ပါကြောင်းနှင့်

အဆိုပါလမ်းပိုင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ယနေ့ဆွေးနွေးခဲ့ကြတဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် တင်သွင်းခဲ့တဲ့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးသည့်မြို့နယ်များအပါအဝင် တိုင်းရင်းသားများ နေထိုင်သည့်ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီးပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုသည် ပထမဦးဆုံးအနေနဲ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်သွင်းခဲ့တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျတဲ့ ကျေးလက်နေပြည်သူလူထု၏လူမှုဘဝမြှင့်တင်နိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့်ကဏ္ဍတစ်ရပ်ဖြစ်သော ကျေးလက်လမ်း၊တံတားများ တည်ဆောက်အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် သဘောသဘာဝချင်း ထပ်တူညီနေတာကို တွေ့ရှိရပါတယ်။ အဆိုပါအဆိုကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ထောက်ခံခဲ့ပြီးတော့ အဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ အဲဒီအပြင် ၁၉-၁၂-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီမှတင်သွင်းခဲ့တဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများရဲ့ဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်လည်း သဘောသဘာဝချင်းတူညီနေပြီးတော့ အဆိုပါဦးအာမိုးဆီရဲ့အဆိုသည်လည်းပဲ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုပြီးဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုတာရှိပါတယ်။ ဒီအဆိုရှင်ရဲ့အဆိုသည် အင်မတန်ကောင်းမွန်တဲ့အဆိုဖြစ်ပါတယ်။ ပြည်နယ်တွေကို ပိုမိုပြီးဆောင်ရွက်ပေးဖို့၊ အဓိကရည်ရွယ်တာကတော့ ဘတ်ဂျက်ပိုမိုချထားပေးဖို့၊ နောက်စီမံကိန်းတွေ၊ လမ်း၊ တံတားတွေ ပိုမိုဆောင်ရွက်ပေးဖို့ ရည်ရွယ်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုယူဆပါတယ်။ သို့သော်လည်း အဆိုခေါင်းစဉ်မှာပါနေတဲ့ အလေးထားဆောင်ရွက်ပေးဖို့ဆိုတဲ့အသုံးအနှုန်းလေးကိုတော့

အဆိုရှင်အနေနဲ့ ပြန်လည်သုံးသပ်သင့်ကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်လောက်အထိ ပြည်နယ်တွေကို အလေးထားတယ်ဆိုတာ ကျွန်တော်ရဲ့ရှင်းပြတဲ့ Power Point Presentation မှာ အချက်အလက်များနှင့် ဘယ်လောက်အထိ အလေးထားတယ်ဆိုတာ ပေါ်လွင်ပြီးဖြစ်တဲ့အတွက် ဒီအလေးထားတယ်ဆိုတဲ့စကားလုံးဆိုတာတော့ ပြန်လည်သုံးသပ်သင့်ပါကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ် ဆိုလို့ရှိရင်တော့ မင်းတပ်မဲဆန္ဒနယ်ကနေမှ ဦးနေလင်းအောင် တင်သွင်းတဲ့အဆိုသည် ပြည်နယ်များ အတွက်ကိုလည်း ပြည်ထောင်စုအစိုးရကလည်း အထူးအလေးထားဆောင်ရွက်နေတဲ့ အချက်နှင့် ကိုက်ညီနေတဲ့အတွက် ပြည်ထောင်စုအစိုးရကလည်း ဘယ်လောက်အထိ ပြည်နယ်တွေကို ဦးစားပေး နေတယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြပြီးဖြစ်ပြီးတော့ လက်တွေ့လည်း ဆောင်ရွက် နေတာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ကြီးမှ တင်ပြခွင့်ပေးခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ကျွန်တော် လွှတ်တော် ထဲမှာ တင်တဲ့နေ့မှာ ကျွန်တော့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပေးသွားတဲ့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ အဆိုတင်တဲ့ နေ့မှာ ကျွန်တော့်ရဲ့အဆိုကို လက်ခံဆွေးနွေးပေးခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အားလုံးကိုလည်း ကျွန်တော့်အနေနဲ့ အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဒီအဆိုကို ဒီနေ့ ပြည်သူ့ လွှတ်တော်ကြီးမှာ ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဒါ့အပြင် အဆိုကို ဆွေးနွေးနေတဲ့အချိန်မှာ အားလုံးစိတ်ပါဝင် စားစွာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ဘဝကို မြှင့်တင်ပေးချင်တဲ့ဆန္ဒနဲ့ ဒီအဆိုကို ထောက်ခံဆွေးနွေး တဲ့အချိန်မှာ နားထောင်ပေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးကိုလည်း အထူး ပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ အခုနက ပြောသွားပါတယ်ခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးက ဒီအဆိုကို တင်တဲ့နေရာမှာ အလေးထားပြီးဆိုတဲ့စကားလေးကို ဆိုလိုရင်းဖြစ်တယ် ထင်ပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနဟာ ကျွန်တော်တို့တိုင်းရင်းသားပြည်သူများအတွက် အလွန်ပင်အလေးထားပြီးတော့ လုပ်ကိုင်

ဆောင်ရွက်ပေးနေတာကိုလည်း ကျွန်တော့်အနေနဲ့သိရှိပြီး ဖြစ်ပါတယ်။ ဒီအတွက် အထူးပင်လည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအလေးထားပြီးဆိုတဲ့စကားလေး ထည့်လိုက်တာကတော့ အကောင်အထည်ဖော်တဲ့ဝန်ကြီးဌာနမှာ လိုအပ်တဲ့ဘတ်ဂျက်တွေ ကိုရရှိလိုတဲ့၊ ရရှိစေချင်တဲ့စိတ်ဆန္ဒနှင့်သာအလေးထားပြီး ပိုမိုဆောင်ရွက်ရန်ဆိုတဲ့စကားလေး ထည့်ခြင်းဖြစ်ပါတယ်။ နောက်ဥပမာလေးနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တို့ချင်းပြည်နယ်မှာ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေရဲ့ တစ်ဝက်ကျော်ဟာ လမ်းပန်းဆက်သွယ်ရေးကို သုံးတာရှိပါတယ်။ သို့သော် အဲဒီသုံးတဲ့နေရာမှာ အဓိကက ကျေးလက်လမ်းတွေဘက်ကို အသုံးပြုမှုကနည်းပြီးတော့ အခုနကလိုပဲ ဝန်ကြီးပြောသွားတဲ့၊ ရှင်းပြသွားတဲ့ ဒီလိုမြို့နယ်ချင်းဆက်လမ်းတွေ ပလက်ဝကနေ ကျီခါးအထိ တောင်နဲ့ မြောက်နဲ့ဆက်တဲ့ လမ်းတွေပေါ်မှာလည်း အဓိကသုံးစွဲနေတာကို တွေ့ရပါတယ်။ ဒီလမ်းကြီးဟာလည်း မဖြစ်မနေ သုံးစွဲရမယ့်အရာတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းလည်းသုံးစွဲချင်တယ်။ နောက်တစ်ခါ ကျေးလက်လမ်းတွေကလည်း ဒီလမ်းမကြီးရောက်ဖို့ဆိုရင် လမ်းမပေါက်ရင်တော့ ခြေလျင်လျှောက်နေရဦးမှာပဲဖြစ်သည့်အတွက် ကျေးလက်လမ်းရန်ပုံငွေလေးကိုလည်း ဝန်ကြီးဌာနအနေနဲ့ ပိုမိုရရှိစေချင်တဲ့ဆန္ဒနဲ့ ဝန်ကြီးဌာနရဲ့မဟာဗျူဟာစီမံကိန်းကြီးအောင်မြင်စေချင်တဲ့ အထောက်အပံ့လေး တစ်ခုရရှိစေချင်တဲ့ဆန္ဒနဲ့သာ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို တင်သွင်းရခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများရဲ့လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက ဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးနေလင်းအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီနေ့ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီကာလအတွင်း အစည်းအဝေးကျင်းပရက် ၂၅ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၇၂ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၅၃၅ ခုဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆို ၁၅ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆိုကိုးခု၊ မှတ်တမ်းတင်အဆိုလေးခုနှင့် လက်ခံဆွေးနွေးရန်မရှိအဆို နှစ်ခုတို့ဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၂၃ ခုရှိပြီး ဥပဒေကြမ်း ၁၁ ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၂ ခုကျန်ရှိပါတယ်။

ကော်မတီဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ ပြည်သူ့လွှတ်တော်တိုင်ကြားစာနှင့်သနားခံစာဆိုင်ရာကော်မတီကို ကိုယ်စားလှယ် ၁၆ ဦးဖြင့်လည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကို ကိုယ်စားလှယ် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်ကဖွဲ့စည်းထားတဲ့ ကော်မတီ ၁၄ ခုရဲ့ သက်တမ်းတိုးမြှင့်ခြင်း၊ ဥပဒေကြမ်းကော်မတီနဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာတို့ကို အတည်ပြုခြင်းများကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်၊ ဒီမိုကရေစီရဲ့ ပြယုဂ်၊ ဒီမိုကရေစီရဲ့ လက္ခဏာရပ်ဖြစ်သလို ဒီမိုကရေစီစနစ် ပီပြင်ဖို့အတွက် လွှတ်တော်များရဲ့ အခန်းကဏ္ဍဟာ အရေးကြီးလှပါတယ်။ လွှတ်တော်များခိုင်မာအားကောင်းမှသာ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု ပိုမိုမြင့်တက်လာပြီး ဥပဒေပြုရေးမဏ္ဍိုင်နဲ့ ပြည်သူလူထုအကြား အပြန်အလှန် ဆက်ဆံရေးတိုးတက်ကောင်းမွန်နေမှာဖြစ်ပါတယ်။ ပြည်သူကိုဗဟိုပြုပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ လုပ်ပိုင်ခွင့်ကို အကျိုးရှိရှိအသုံးချနိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များရဲ့ လုပ်ပိုင်ခွင့်ဆိုတာ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ဆောင်ရွက်ချက်တွေ၊ အပြုအမူတွေပဲ ဖြစ်တယ်ဆိုတာကို သိရှိနားလည်ထားကြဖို့ လိုအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ဟာ နေရာဒေသအသီးသီး၊ လူတန်းစားအလွှာအသီးသီး၊ ပါတီအသီးသီးကနေ လွှတ်တော်ထဲကို ရောက်ရှိလာကြတာဖြစ်ပါတယ်။ တစ်ဦးနဲ့

တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူညီတဲ့အတွေးအခေါ်တွေ၊ အယူအဆတွေ၊ ခံယူချက်တွေ အသီးသီးရှိနေကြတာကတော့ အရှိတရားပဲဖြစ်ပါတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ ပါတီတစ်ခုနဲ့တစ်ခု နားလည်အောင်ကြိုးစားပြီး ပြည်သူလူထုအကျိုး၊ နိုင်ငံတစ်ဝန်းလုံးအကျိုးနဲ့ယှဉ်ပြီး လွှမ်းခြုံကြည့်မြင်နိုင်တဲ့ မြော်မြင်ဉာဏ်ကြီးသူများဖြစ်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ မိမိတို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံတော်အဖြစ် ဖွဲ့စည်းထားတာဖြစ်ပြီး တိုင်းရင်းသားလူမျိုးအချင်းချင်းကြား ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေမတူညီပေမဲ့လည်း မွေးချင်းပြည်ထောင်စုဖွား၊ ပြည်ထောင်စုသားများပဲ ဖြစ်ကြတယ်ဆိုတာကို အမြဲနှလုံးသွင်းထားကြရမှာဖြစ်ပါတယ်။ အခုလိုကာလမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးကိစ္စကိုလည်း ဘက်စုံထောင့်စုံကနေ ရှုမြင်သုံးသပ်ပြီး ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်တာတွေကို သဘောထားကြီးခြင်း၊ အမြော်အမြင်ကြီးခြင်းတွေနဲ့ အပြုသဘောဆောင်ပြီး ဆွေးနွေးညှိနှိုင်းပြင်ဆင်နိုင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်များဖြစ်တဲ့ ဥပဒေပြုရေးတာဝန်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဟန်ချက်ညီညီ အပြန်အလှန်ထိန်းကျောင်းနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြပါ။ မိမိတို့ကို ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေနဲ့ မဲဆန္ဒနယ်က အားကိုးအားထားပြုရတဲ့ ကိုယ်စားလှယ်များအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါ။ ပြည်သူဗဟိုပြု ဒီမိုကရေစီစနစ် ပိုမိုထွန်းကားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာဆက်လက်မြင့်မားနေဖို့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ဆောင်ရွက်ကြပါ။ ကိုယ်စားလှယ်များရဲ့ လိုရာခရီးများ သာယာဖြောင့်ဖြူးကြပါစေ။ ဘေးအန္တရာယ်ကင်းဝေးကြပါစေ။ မိသားစုများ၊ မိတ်ဆွေများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာဆုံဆည်းနိုင်ကြပါစေ။ ဆက်လက်ကျင်းပမယ့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာလည်း ကျန်းမာရွှင်လန်းစွာနဲ့ ပြန်လည်ဆုံတွေ့နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ( သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကို ၁၁း၄၅ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ (၁၄.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ


pyithu.hluttaw.mm


Dr Mya Lay Sein



Dr U Min Thein

pyithu.hluttaw.mm


Dr Mya Lay Sein


U Sai San Thein

pyithu.hluttaw.mm


U Than Aung


Dr Mya Lay Sein

pyithu.hluttaw.mm


U Kyaw Linn


U Min Kyi

pyithu.hluttaw.mm


U Kyaw Linn


U Pe Than

pyithu.hluttaw.mm


U Kyaw Linn


U Aung Hlaing Win

pyithu.hluttaw.mm



U Kyaw Linn



Daw Khin Saw Wai

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်